The Mirror

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (31-8-2006) (၅၀၆၆)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်  ဩဂုတ်  ၃၁

၂၀၀၆ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၉)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မလေးရှားဘုရင် တွမ်ကူ ဆာရိဒ်ဆီရာ ဂျူဒင် အစ်ဘနီ အယ်လ်မာဟူမ် တွမ်ကူဆာရိဒ်ပူထရာ ဂျမာလူလိုင်လ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဗင်နီဇွဲလားဘိုလစ်ဗေးရီးယန်းသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်  ဩဂုတ်  ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗင်နီဇွဲလားဘိုလစ်ဗေးရီးယန်း သမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး **H.E. Mr. Vladimir Villegas** နှင့် အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ဗင်နီဇွဲလားဘိုလစ်ဗေးရီးယန်း သမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး **H.E. Mr. Vladimir Villegas** အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဗင်နီဇွဲလားဘိုလစ်ဗေးရီးယန်းသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး **H.E. Mr. Vladimir Villegas** အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

## ယနေ့ မိုးလေဝသ

**(၃၁–၈–၂၀၀၆)**

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၁၁–၈–၂၀၀၆
(ကြာသပတေးနေ့)

## စိတ်ဓာတ်အင်အား၊ စည်းလုံးမှုစွမ်းအား၊ ကြံ့ခိုင်မှုခွန်အားတို့ဖြင့် မြန်မာဘောလုံးအသင်း မာဒေးကားဖလားဆွတ်ခူးနိုင်ပြီ

၂၀၀၆ ခုနှစ် (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ်လ ၂၉ ရက်နေ့က မလေးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းက အင်ဒိုနီးရှားလက်ရွေးစင် အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိဗိုလ်စွဲပြီး မာဒေးကားဖလားကို ဆွတ်ခူးရရှိခဲ့ပြီဖြစ်သည်။

မြန်မာ့အားကစား တိုးတက်ဖြစ်ပေါ်မှုများကို ပြန်လည်လေ့လာကြည့်ပါက တစ်ချိန်သောအခါက ဘောလုံးအားကစားနှင့် မြန်မာ့ပြေးခုန်ပစ် အားကစားသမား အကျော်အမော်တို့သည် အရှေ့တောင်အာရှတွင် အောင်ပွဲဆင်နိုင်ခဲ့သော မှတ်တိုင်များ ရှိခဲ့သည်။ မြန်မာဘောလုံးအသင်းသည် အာရှဘောလုံးလောက၌ သရဖူဆောင်းကာ အောင်နိုင်ခဲ့ပေသည်။

မာဒေးကားဖလားဘောလုံးပြိုင်ပွဲသမိုင်းတွင် မြန်မာအသင်းသည် ချန်ပီယံဆုသုံးကြိမ် (၁၉၆၄၊ ၁၉၆၇၊ ၁၉၇၁)၊ ငွေတံဆိပ်ဆု သုံးကြိမ် (၁၉၆၆၊ ၁၉၆၈၊ ၁၉၇၀)နှင့် ကြေးတံဆိပ်ဆုလေးကြိမ် (၁၉၆၅၊ ၁၉၆၉၊ ၁၉၇၃၊ ၁၉၇၅) ဆွတ်ခူးရရှိခဲ့သည်။

မြန်မာလူငယ် ဘောလုံးအသင်းတို့ကလည်း ၂၀၀၅ ခုနှစ်တွင် အာဆီယံအသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုနှင့် အသက်(၂၀)အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုများကို အသီးသီးဆွတ်ခူးရရှိထားသည်ကို တွေ့ရသည်။

ယင်းသို့ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှု ဆုတံဆိပ်များ ရယူဆွတ်ခူးနိုင်ခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားခြင်းဂုဏ်ကို ဖော်ဆောင်ပေးနိုင်ခြင်းလည်း ဖြစ်ပေသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က မြန်မာ့အားကစား အဆင့်အတန်း မြင့်မားလာစေရန် အဘက်ဘက်က အားပေးချီးမြှောက်နေသည်။ တစ်မျိုးသားလုံး၊ ပြည်သူတစ်ရပ်လုံးနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း ဘောလုံးအားကစား အပါအဝင် မြန်မာ့အားကစားပြိုင်ပွဲတိုင်း၌ အောင်မြင်မှုအပြည့်အဝရရှိစေရန် အင်တိုက်အားတိုက် အားပေးနေသည့် ကာလဖြစ်သည်။

ယင်းသို့သော အခြေအနေ အချိန်အခါကောင်းတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအနေဖြင့် နှစ်ပေါင်း ၃၀ ကျော် ဝေးကွာနေသည့် မာဒေးကားဖလားကို စိတ်ဓာတ်အင်အား၊ စည်းလုံးမှုစွမ်းအား၊ ကြံ့ခိုင်မှုခွန်အားတို့ဖြင့် တစ်ကျော့ပြန် အောင်ပွဲခံ ဆွတ်ခူးရရှိလာခဲ့ခြင်း ဖြစ်ပေရာ ယခုအောင်မြင်မှုမှသည် အနာဂတ်ပြိုင်ပွဲတိုင်း၌ နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ရေး ဆက်လက်အရှိန်အဟုန်မြှင့် ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းအပ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မန္တလေးတိုင်း မျက်ပါးရပ် ၇၇ x ၇၈ ကြား ၃၆ လမ်းနေ ဦးစံအေး–ဒေါ်ခင်ကြီးနှင့် သား၊ သမီးများ ဖြစ်ကြသော ရန်ကုန်တိုင်း အလုံမြို့နယ် ဝေဘာဂီလမ်းနေ ဦးအောင်ကျော်ဦး–ဒေါ်အေးအေးမြင့်မိသားစုက အလှူတော်ငွေကျပ် ၁၅၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်အာစိဏ္ဏ(သာသနဓဇ ဓမ္မာစရိယ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကန်ကြီးထောင့်မြို့နယ် စပါးခင်းများတွင် ငါးပုစွန်မျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဩဂုတ် ၂၇ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် သဘော့ငူကျေးရွာ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA )တို့ ပူးပေါင်းကျင်းပသည့် စပါးခင်းများ၌ ငါးနှင့် ပုစွန်မျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ ဌာနေကိုယ်စားလှယ် Ms. Michiko Umezaki တို့က တောင်သူဦးကြီးများအားရေချိုပုစွန်တုပ် သားပေါက်တစ်ကောင်လျှင် ၂၀၀၀နှုန်းဖြင့် သုံးကေအတွက်နှင့် ငါးခုံးမကြီး သားပေါက် တစ်ကောင်လျှင် ၅၀၀ နှုန်းဖြင့် ခြောက်ကေအတွက် အသီးသီးပေးအပ်ကြသည်။ တိုင်းမှူး၊ ဝန်ကြီး၊ Ms. Michiko Umezakiနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စပါးခင်းများအတွင်း ရေချိုပုစွန်နှင့် ငါးသားပေါက်များကို မျိုးစိုက်ထည့်ကြသည်။**

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ပန်းတနော်မြို့နယ်မိုးကုတ်ဒီးဒုတ်ကွင်း၌ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟိုဌာနချုပ်)၏ ဖြိုးဧရာငါးမွေးမြူရေး လုပ်ငန်း စခန်းအမှတ် (၄)သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏တင်ပြချက်အပေါ် ဖြည့်စွက်မှာကြားပြီး ငါးအစာများနှင့် ထပ်မံထည့်သွင်းမွေးမြူမည့် ငါးသားပေါက်များအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ပန်းတနော် ငါးလုပ်ငန်း စခန်းသို့ ရောက်ရှိပြီး ဝန်ကြီးကငါးသားပေါက် ထုတ်လုပ်မှု တိုးမြှင့်ရေးအတွက်စခန်း အရည်အသွေးမြှင့်တင်ပေးမည့် အခြေအနေများမှာကြားပြီးရောင်းချရန်အသင့်ဖြစ်နေသည့် မြက်စားငါးကြင်း သားပေါက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

### ဆွေးနွေးမှာကြား

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ညနေပိုင်းတွင် မအူပင်မြို့နယ် ဝါးတောကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟိုဌာနချုပ်)၏ ဖြိုးဧရာ ငါးမွေးမြူရေးလုပ်ငန်း စခန်း အမှတ်(၂)ဝါးတောသို့ ရောက်ရှိပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကန်များအတွင်း ငါးအမျိုးအစားအလိုက် ထည့်သွင်းနှုန်းမှန်ကန်ရေး၊ ကန်ရေ အရည်အသွေး ကောင်းမွန်အောင် ကြပ်မတ်ဆောင်ရွက်ရေး၊မွေးမြူကာလ အတွင်း ကြီးထွားနှုန်း အဆင့်ဆင့် ကောင်းမွန်ရေးဆွေးနွေးမှာကြားကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

### မျိုးစိုက်ထည့်

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့ ကန်ကြီးထောင့်မြို့နယ် သဘော့ငူကျေးရွာတွင် စပါးခင်းများအတွင်းသို့ ရေချိုပုစွန်တုပ်သားပေါက်များနှင့် ငါးသားပေါက်များအား မျိုးစိုက်ထည့် ပေးစဉ်။ (မွေး/ရေ)

**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးတွင် နိုင်ငံကူးလက်မှတ် လျှောက်ထားသူများအား တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## အင်းစိန်အကျဉ်းဦးစီးဌာန တပ်ဖွဲ့ဝင်နှင့် မိသားစုများအား ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၃၀

**ပြည်ထဲ ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၈ရက် မွန်းတည့် ၁၂ နာရီတွင် အင်းစိန်အကျဉ်းဦးစီးဌာနသို့ရောက်ရှိပြီး အောင်မင်္ဂလာခန်းမ၌ အကျဉ်းဦးစီးဌာနတပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များအား တွေ့ဆုံသည်။**

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို ပီပီပြင်ပြင် ဖြစ်အောင် ဆောင်ရွက်ပြီး မိသားစုဝင်ငွေ ရရှိအောင် ဆောင်ရွက်ရေး အကျယ်တဝင့် မှာကြားသည်။

### မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း သတင်းတပ်ဖွဲ့ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ ရုံး၌ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူများ အပေါ် စေတနာထား ဝန်ဆောင်မှုပေးရန်နှင့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ဆောင်ကြရန် အသေးစိတ်မှာကြားပြီး မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအခန်း၊ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်လွှာ လက်ခံသည့်အခန်းနှင့် ဓာတ်ပုံရိုက်ကူးရေးအခန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

# ပွင့်သောပန်းတိုင်း မွှေးပါစေ

ခင်ဦး

အချိန်ကား ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့ မွန်းတည့် ၁၂ နာရီခန့်၊ ရာသီဥတုကလည်း မိုးဖွဲဖွဲလေးများဖြင့် အေးစိမ့်စိမ့်လေးဖြစ်နေပါသည်။

စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စပယ်ခန်းမကြီးတစ်ခုလုံးတွင် ဆယ်ကျော်သက်အရွယ် ကျောင်းသူလေးများကို တစုတဝေးတည်း တွေ့လိုက်ရပါ၏။ အသွင်သဏ္ဌာန်အားဖြင့် ရွှင်လန်းတက်ကြွနေသလို အနှစ်သာရအားဖြင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သမီးငယ်များဖြစ်ကြပါသည်။

ပညာ့ဗိမာန် ဥယျာဉ်ကြီးထဲတွင် ပန်းပေါင်းစုံ ရောင်စုံဖူးပွင့်ကြ၏။ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသူပေါင်းမှာ ၂၈၃ဦးဖြစ်ပါသည်။ ဆရာနှင့်မိဘတည်းဟူသော ဥယျာဉ်မှူးတို့၏ ဘက်ပေါင်းစုံမှ ပြုစုစောင့်ရှောက်မှုတို့ကြောင့် ကျောင်းသားကျောင်းသူတည်းဟူသော ပန်းတို့သည် ငွားငွားစွင့်စွင့် ဖူးပွင့်ကြ၏။ အသွေးအရောင်စုံစုံ ပန်းပွင့်များကြားမှ မွှေးရနံ့ထုံသင်းသော ပန်းများ အမြောက်အမြား ပွင့်ဖူးကြ၏။ အဆင်းလည်းရှိ၏။ အချင်းလည်းရှိ၏။

ထိုအဆင်းအချင်းတို့ဖြင့် အနာဂတ် တည်းဟူသော နေရောင်ခြည်အောက်တွင် ကျက်သရေအဖြာဖြာဖြင့် ထူးတင့်ဝေဆာနေမည်ဖြစ်ပါသည်။ ထိုမွှေးသော၊ လှသောပန်းလေးများဖြစ်သည့် ခြောက်ဘာသာဂုဏ်ထူးရှင် သမီးငယ်များကို တစ်နေရာတည်းမှာ စုစုဝေးဝေးတွေ့မြင်လိုက်ရသူ အပေါင်းမှာ ဝမ်းသာပီတိများစွာဖြင့် ရွှေရင်သိမ့်သိမ့်တုန်ကြမည်မှာ ဧကန်ဖြစ်ပါသည်။ ကျွန်မတို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ ဤနေရာသို့ ရောက်လာရခြင်းမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်းအတွင်း ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသူလေးများအား ဂုဏ်ပြုပွဲ အခမ်းအနားကြောင့်ပဲဖြစ်ပါ၏။

ရန်ကုန်တိုင်းအတွင်း ကျောင်းပေါင်း ၅၈ ကျောင်းမှ ကျောင်းသူစုစုပေါင်း ၂၈၃ ဦး ဘာသာစုံဂုဏ်ထူး ရရှိခဲ့ပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ ၅၂၂ဦးရှိသည့်အနက် ရန်ကုန်တိုင်းမှ ကျောင်းသား ၁၄၈ဦးနှင့် ကျောင်းသူ ၂၈၃ဦး စုစုပေါင်း၄၃၁ဦး ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရောက်ရှိလာကြပြီးနောက် ဂုဏ်ပြုပွဲအခမ်းအနား အစီအစဉ်ကို စတင်ခဲ့ပါသည်။

အခမ်းအနားမှူးက အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာပြီးသည့်နောက် အခြေခံပညာကျောင်းများမှ ကျောင်းသူများက “မြန်မာ့ကျောင်း” သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပါသည်။ ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်ဝတ္တရားတို့ကို ရှင်းလင်းပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းများကျန်းမာသန့်ရှင်းစေပြီး ဘက်စုံဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျောင်းများဖွံ့ဖြိုးရေးအတွက် ကျောင်းစာသင်ခုံနှင့် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများကို ပြုလုပ်ပေးလျက်ရှိခြင်း၊ အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့များ အနေဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးကိစ္စများတွင် ပါဝင်ပံ့ပိုးကူညီ ဆောင်ရွက်ခြင်း၊ စာရေးကိရိယာများ၊ သင်ထောက်ကူပစ္စည်းများ၊ ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်း၊ စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး နည်းပြသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရပ်ရွာပညာပဒေသာဌာနများ ဖွင့်လှစ်တည်ထောင်ပေးခြင်း၊ သက်ကြီးစာတတ်မြောက်ရေးအတွက် စာဖတ်ဝိုင်း၊ စာသင်ဝိုင်းများ ပြုလုပ်ပေးခြင်း၊ စေတနာ့ကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်မတက်နိုင်သော အမျိုးသမီးများအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာကြည့်တိုက်များ ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၀၆-၂၀၀၇ခုနှစ် စာသင်နှစ်အတွက် ရန်ကုန်တိုင်းအတွင်း ခရိုင်လေးခရိုင်ရှိ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားများပြုလုပ်၍ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် ငွေသားထောက်ပံ့မှုများကို ကျောင်းသား၊ ကျောင်းသူ ၅၈၃၈ဦးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျပ်သိန်း ၅၀၊ ကျောင်းသား၊ ကျောင်းသူ ၆၁၀၀ အတွက် ရန်ကုန် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက တန်ဖိုးငွေကျပ် ၁၅၆ သိန်းကျော်ဖိုး ထောက်ပံ့ပေးခဲ့ကြောင်း၊ အမျိုးသားပညာရည် မြင့်မားရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရန်ဆိုသည့် ရည်မှန်းချက်နှင့်အညီ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး ရရှိသူများကို ယခုလို အခမ်းအနားဖြင့် ဂုဏ်ပြုရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အထက(၂)လသာ ကျောင်းသူလေးများ၏ တီးမှုတ်၊ သီဆို၊ ကပြဖျော်ဖြေမှုကို မြိုင်မြိုင်ဆိုင်ဆိုင်ရှုမြင်ခဲ့ရပါသည်။ အစီအစဉ်အရ ဂုဏ်ထူးရှင်ကျောင်းသူလေးများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူးဒေါ်မြသီဂီ၊ ဘဏ္ဍာရေးဌာနကြီးမှူးဒေါ်အေးအေး၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်မိမိတို့က ကျောင်းသူတစ်ဦးလျှင် ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားကျပ် ၂၅၀၀၀စီတို့အား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆုများချီးမြှင့်ပြီးနောက် အထက(၂)လသာမှ ကျောင်းသူ မဖြူဝင်းသော်က “သမီးတို့အနေနဲ့ ယခုလို ဘာသာစုံဂုဏ်ထူးများ ရရှိခဲ့ခြင်းဟာ မိမိတို့ကြိုးစားမှုသက်သက်ဖြင့် ရခဲ့ခြင်းမျိုးမဟုတ်ပါဘူး၊ ပွဲမဝင်ခင်ကတည်းက အောင်မြင်မှုနည်းလမ်း အသွယ်သွယ်နဲ့ ပံ့ပိုးကူညီစောင့်ရှောက်ခဲ့ကြတဲ့ နိုင်ငံတော်နှင့်တကွ ဆရာ၊ ဆရာမများ၊ မိဘများရဲ့ သွန်သင်ဆုံးမလမ်းပြခဲ့တဲ့ ကျေးဇူးတရားတွေကြောင့် ဖြစ်ကြောင်း ပြောကြားလိုပါတယ်ရှင့်၊ သည်ကျေးဇူးတရားတွေဟာ ကြီးမားမွန်မြတ်တဲ့ ကျေးဇူးတရားဖြစ်ခြင်းကြောင့် သမီးတို့အနေနဲ့ တစ်သက်တာမမေ့နိုင်ဘဲ ဘဝရည်မှန်းချက်တွေ အောင်မြင်ပြည့်စုံချိန်မှာ နိုင်ငံ့သမီးကောင်းများပီသစွာနဲ့ တုံ့ပြန်ကျေးဇူးပြုဖို့ ဆုံးဖြတ်ထားကြပါတယ်”ဟု ကျေးဇူးတင်စကားကြားလိုက်ရသည့်အခါ၌ ကျွန်မတို့၏ ရင်ထဲစိမ့်စမ်းရေအေးအေးလေးသောက်လိုက်ရသကဲ့သို့ ကြည်နူးချမ်းမြေ့ပီတိ ဖြစ်ကြရပါတယ်။

လုံ့လ၊ ဝီရိယ၊ ဆန္ဒ၊ စိတ်ဓာတ်နှင့်ပညာဆိုသည့် စွမ်းအားများရဲ့ တန်ဖိုးကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်သဖြင့် အောင်မြင်မှုသရဖူများဆောင်းခဲ့ကြရသည့် သမီးငယ်များကိုကြည့်ပြီး မန်လည်ဆရာတော်ကြီး၏ မဃဒေဝ လမ်းညွှန်နီတိကို သတိရမိပါသည်။ ထိုနီတိမှာကား **“ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ် ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏၊ ပညာမသုံး၊ နှလုံးမပျောင်း၊ လက်ရုံးကောင်းကား၊ တစ်ကြောင်းမျှသာ၊ စူးပမာသို့၊ လိုရာကိစ္စ၊ များမကျတည့်”**ပဲဖြစ်ပါတယ်။ နောက်ဆုံးအစီအစဉ်အနေဖြင့် သမီးငယ်များက **“ပညာရည်ထူးချွန်၊ လူရည်မွန်”**သီချင်းဖြင့် ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကတို့ ဦးဆောင်သည့်အဖွဲ့က ဆုရကျောင်းသူလေးများရှိရာသို့ သွားရောက်နှုတ်ဆက်အားပေးခဲ့ကြပါသည်။ သမီးငယ်များ၏ ရွှင်လန်းတက်ကြွသော မျက်နှာ၊ ရည်မှန်းချက်များဖြင့် ရွှန်းလက်နေသည့်မျက်ဝန်းများ၊ အပြုံးပန်းများလှိုင်နေသည့် နှုတ်ခမ်းလေးများဖြင့် ပြန်လှန်နှုတ်ဆက် ဂါရဝပြုနေကြပုံကို မြင်တွေ့ရခြင်းသည် ကျက်သရေအဖြာဖြာနှင့် ပြည့်စုံလှသည်ဟု ထင်မြင်မိပါသည်။

ကျောင်းသား၊ ကျောင်းသူများ၏ ဘဝတစ်ဆစ်ချိုးဖြစ်သည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သာမန်အောင်မြင်မှု မဟုတ်ဘဲ ထူးချွန်ထက်မြက်စွာ ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော သမီးငယ်များကို အားပေးချီးမြှောက်ကြရန်မှာ ကျွန်မတို့အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ တာဝန်ပင်ဖြစ်ပါသည်။ ကြိုးစားမှုအတွက် အသိအမှတ်ပြုပေးရမှာဖြစ်သကဲ့သို့ အောင်မြင်မှုများအတွက် မှတ်တမ်းတင်ဂုဏ်ပြုပေးရမှာဖြစ်ပါ၏။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝသယံဇာတအရင်းအမြစ်များ၊ နည်းပညာများရှိဖို့ လိုအပ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကလည်း အဓိကကျသည့်အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရမည့် မျိုးဆက်သစ်လူငယ်များကို အားပေးချီးမြှောက်ခြင်းသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးကူညီဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်သည့် အမျိုးသမီးများ၏ စွမ်းပကားများဖြင့် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့ပါ၍ ဂုဏ်ပြုခံသမီးငယ်များကဲ့သို့ **“ပန်းတိုင်းပွင့်ကြပြီး ပွင့်သောပန်းတိုင်းမွှေးကြပါစေ”**ဟု မုဒိတာများစွာဖြင့် ရေးသားဂုဏ်ပြုလိုက်ရပါသည်။ ။

## ကြီးကြပ်ဆောင်ရွက်

**ဩဂုတ် ၂၈ ရက်က တာမွေမြို့နယ် အမက (၂၈) တွင် ဦးသန်းညွန့်-ဒေါ်ခင်အေးထွန်းတို့၏သား ပထမတန်းမှ မောင်ကျော်မင်းထက်၏ မွေးနေ့အလှူအဖြစ် ကျောင်းသား၊ ကျောင်းသူ ၁၃၄ ဦးတို့အား အာဟာရ ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွေးနှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (ဝ၈)

## အမှတ်(၂၃၃)မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူး၍ အမှတ်(၂၃၃)မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဩဂုတ် ၂၆ ရက်တွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ဟိန်းမြတ်(ငြိမ်း)၊ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးမောင်မောင်သန်း(ငြိမ်း)တို့က အမှာစကားပြောကြားကြသည်။

### ပြေးဆွဲသွားမည်

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဟိန်းမြတ်(ငြိမ်း)နှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမောင်မောင်သန်း(ငြိမ်း)တို့က ဖဲကြိုးဖြတ်၍ အမှတ်(၂၃၃)ယာဉ်လိုင်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါယာဉ်လိုင်းသစ်မှာ သခင်မြပန်းခြံမှ လှိုင်သာယာမြို့နယ်၊ အနောက်ပိုင်းတက္ကသိုလ်၊ တွံတေးမြို့နယ်နှင့် သခင်မြပန်းခြံ၊ အနောက်ပိုင်းတက္ကသိုလ်-ကွမ်းခြံကုန်းမြို့နယ်များသို့ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် စံပြလမ်းနေ ဒေါ်မြတင်က (၇၅)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။** (က-ပ)

# တရုတ်အနောက်တောင်ပိုင်းတွင် အပူလှိုင်းထပ်မံကျရောက်

ချုံကင်း ဩဂုတ် ၂၉

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းဒေသနှင့် အုပ်ချုပ်ရေးဒေသတွင် အပူလှိုင်းထပ်မံကျရောက်သဖြင့် နွေရာသီအားလပ်ရက်ကို ငါးရက်ထပ်မံသက်တမ်းတိုးလိုက်ရကြောင်း ပညာရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။**

ပြီးခဲ့သော ရက်သတ္တပတ်က ချုံကင်းမြို့တွင် အပူချိန် လျော့နည်းသွားခဲ့ပြီးနောက် ယခုအပူချိန် ပြန်လည်မြင့်တက်လာသည်။ ချုံကင်းမြို့ရှိ နေရာ ၁၅ နေရာတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့သည်။

**ပြောကြား**

ရာသီဥတု အလွန်ပူပြင်းလှကြောင်း၊ စက်တင်ဘာလ ၁ ရက်တွင်သာကျောင်း ပြန်လည်ဖွင့်လှစ်လျှင် ကျောင်းသူ၊ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများမှာ ကျန်းမာရေး ထိခိုက်နိုင်ကြောင်း အဆိုပါမြို့ရှိ အလယ်တန်းပြဆရာ ဇန်ချူက ပြောကြားသည်။

စက်တင်ဘာငါးရက်အထိ အပူလှိုင်း ဆက်လက်ကျရောက်လျှင် ကျောင်းဖွင့်လှစ်မည့်ရက်ကို ထပ်မံရွှေ့ဆိုင်းမည်ဖြစ်ကြောင်း ပညာရေးဌာနက ပြောကြားသည်။ ယခုရာသီဥတုသည် နှစ် ၅၀ အတွင်းတွင် အဆိုးရွားဆုံး မိုးခေါင်မှုဖြစ်သည်။ ယင်းမြို့တွင် သောက်သုံးရေပြတ်လပ်မှုကို ပြည်သူ ၇ ဒသမ ၉ သန်းကျော်ခံစားကြရကြောင်း၊ စီးပွားရေးအရ ယွမ် ၆ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၆၃ သန်း)ဆုံးရှုံးကြောင်း ဖော်ပြထားသည်။ နောက်သုံးရက်တွင် မိုးရွာသွန်းမှု မရှိဘဲ ပူပြင်းခြောက်သွေ့မှု ဆက်လက်ဖြစ်ပေါ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနက ခန့်မှန်းသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ပြောက်ကျားများ၏ ဥမင်လမ်းများကို အစ္စရေးကွန်မန်ဒိုများ ရှင်းလင်းနေ

ဂျေရုဆလင် ဩဂုတ် ၂၉

အစ္စရေး အထူးတပ်ဖွဲ့များသည် လက်ဘနွန်တောင်ပိုင်းတွင် ဟစ်ဖ်ဘိုလာ ပြောက်ကျားအဖွဲ့က ပြုလုပ်ခဲ့သော ဥမင်လမ်းများနှင့် ကတုတ်ကျင်းများကို ဖျက်ဆီးနိုင်ရန် ကြိုးပမ်းနေကြောင်း အစ္စရေး စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

အစ္စရေးနှင့်ဟစ်ဖ်ဘိုလာပြောက်ကျားတို့ ဩဂုတ် ၁၄ ရက်က အပစ်အခတ်ရပ်စဲမှု စတင်ခဲ့ပြီးနောက် ပြောက်ကျားများ၏ ဥမင်လမ်းများနှင့် ကတုတ်ကျင်းများကို ဖျက်ဆီးနိုင်ရန် အထူးတပ်ဖွဲ့ဝင်များက စီးနင်းမှုများ ပြုလုပ်ခဲ့ရာတွင် ကွန်မန်ဒို ၁၂ ဦးထက်မနည်း သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

**အိန္ဒိယနိုင်ငံ ရာဂျာစသန်ပြည်နယ်၌ ရေလွှမ်းမိုးမှုကြောင့် ဘတ်စ်ကားတစ်စီး တိမ်းမှောက်နေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

**တူရကီနိုင်ငံ အန်တယ်လ်ယာမြို့ ဖုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသူတစ်ဦးအား ဆေးဝါးကုသပေးနေသည်ကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

## အင်ဒိုနီးရှား ငါးဖမ်းသမား ၁၇ ဦး ပါပူဝါနယူးဂီနီတွင် အဖမ်းခံရ

ဂျကာတာ ဩဂုတ် ၂၉

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ပါပူဝါပြည်နယ်မှ ငါးဖမ်းသမား ၁၇ ဦးကို ပါပူဝါ နယူးဂီနီနိုင်ငံရှိ ဗာနီမိုမြို့တွင် ထိန်းသိမ်းထားကြောင်း၊ ၎င်းတို့ကို ရေပိုက်နက် ကျူးကျော်ဝင်ရောက်လာမှုဖြင့် တရားစွဲဆိုမည် ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်ထုတ် သတင်းစာတစ်စောင်တွင် ရေးသားဖော်ပြထားသည်။

ထိန်းသိမ်းခံထားရသူ ငါးဖမ်းသမား ၁၇ ဦးသည် ငါးဖမ်းရေယာဉ် လေးစင်းမှဖြစ်ကြောင်း ပါပူဝါနယူးဂီနီနိုင်ငံရှိ အင်ဒိုနီးရှား သံတမန်တစ်ဦးအား ကိုးကား၍ ဂျကာတာပို့စ် သတင်းစာက ရေးသားထားသည်။

**ထိန်းသိမ်းခံရ**

ယခုလအစောပိုင်းက ကျူးကျော်ဝင်ရောက်လာသော ငါးဖမ်းရေယာဉ်ကို ပီအင်ဂျီအာဏာပိုင်များက ပစ်ခတ်ခဲ့ရာ အင်ဒိုနီးရှား ငါးဖမ်းသမားတစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦး ဒဏ်ရာရရှိကာ အခြား ငါးဖမ်းအလုပ်သမားများမှာလည်း ထိန်းသိမ်းခံရသည်။

**ပြန်လည်ရောက်ရှိ**

၎င်းတို့သည် တရားရုံးတွင် အမှုရင်ဆိုင်၍ တစ်ဦးလျှင် ဒဏ်ငွေ အမေရိကန် ဒေါ်လာ ၆၅ ဒေါ်လာ ပေးဆောင်ပြီးနောက် ပါပူဝါပြည်နယ်သို့ ပြန်လည်ရောက်ရှိ လာကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အီရတ်တွင် ပြောက်ကျားများတိုက်ခိုက် ကန်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၉

အီရတ်နိုင်ငံ၌ လမ်းဘေးဗုံး ဖောက်ခွဲမှုနှင့် ချောင်းမြောင်းပစ်ခတ်မှုတို့ကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

**တိုက်ခိုက်ခံရ**

ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် ဩဂုတ် ၂၇ ရက်က အမေရိကန်စစ်ယာဉ်တစ်စီး လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရ၍ တပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ကပြောသည်။

အီရတ်နိုင်ငံအနောက်ဘက် ဘဂ္ဂဒက်မြို့တွင်လည်း လမ်းဘေးဗုံးခွဲ တိုက်ခိုက်သဖြင့် ပဉ္စမမြောက်တပ်ဖွဲ့ဝင် သေဆုံးခဲ့သည်။ နေရာအတိအကျ မသိရသော အရပ်တွင် ချောင်းမြောင်းပစ်ခတ်မှုကြောင့် ဆဋ္ဌမမြောက်တပ်ဖွဲ့ဝင် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က သီးခြားထုတ်ပြန်သည်။

**သေဆုံးခဲ့**

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်ကို အမေရိကန်ဦးဆောင်၍ တိုက်ခိုက်ခဲ့ချိန်မှစ၍ ယနေ့အထိအီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၂၆၂၀ သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်တွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုကြောင့် အန္တရာယ်နှင့် ကြုံတွေ့နေရသော ပင်လယ်လိပ်များအား ပြုစုစောင့်ရှောက်ပေးပြီးနောက် သမုဒ္ဒရာအတွင်းသို့ ပြန်လည်လွှတ်ပေးနေသည်ကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

## ဇင်ဘာဘွေတွင် ပထမဆုံးအကြိမ် တိုင်းရင်းဆေးဒီပလိုမာ သင်တန်းဖွင့်မည်

ဟာရာရေး ဩဂုတ် ၂၉

ဇင်ဘာဘွေနိုင်ငံ၌ ပထမဆုံးအကြိမ် တိုင်းရင်းဆေးဆရာများအတွက် ဒီပလိုမာသင်တန်းကို တိုင်းရင်းဆေးသမားတော်များအဖွဲ့က လာမည့်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂၇ ရက်၌ ပြောကြားသည်။

အဆိုပါ ဒီပလိုမာသင်တန်းကို စက်တင်ဘာ ၁၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ရိုးရာဆေးဝါးဖြင့် ကုသပေးနေသူများနှင့် တိုင်းရင်းဆေးကုထုံးများတွင် စိတ်ဝင်စားသူများသည် ဒီပလိုမာသင်တန်းသို့ တက်ရောက်နိုင်ကြောင်း ရိုးရာတိုင်းရင်းဆေးသမားတော် ကောင်စီအရာရှိ မူစတာချီကီဒီက ပြောကြားသည်။ ခန္ဓာဗေဒပညာနှင့်ဇီဝကမ္မဗေဒပညာ အခြေခံတို့ကို သင်ကြားပို့ချမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## တူရကီ၌ မီးသတ်ရဟတ်ယာဉ် ပျက်ကျ

အန်ကာရာ ဩဂုတ် ၂၉

တူရကီနိုင်ငံမှ မီးသတ်ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံ၏တောင်ပိုင်း အန်တာလျာပြည်နယ်၌ ဩဂုတ် ၂၈ ရက်က ပျက်ကျသွားသော်လည်း လေယာဉ်ပေါ်တွင် လိုက်ပါသွားသူမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။ ထိုရဟတ်ယာဉ်သည် ဂွမ်ဘီဒေသ ကတ်စ်မြို့အနီး၌ လောင်ကျွမ်းနေသော တောမီးကို ငြှိမ်းသတ်နေစဉ် ယခုကဲ့သို့ ပျက်ကျခဲ့ရခြင်း ဖြစ်သည်ဟု သစ်တောဌာန ညွှန်ကြားရေးမှူးချုပ် အာမက်ဂီဒီကာဂိုဂလူက ပြောကြားသည်။ ပျက်ကျခဲ့ရသော ယာဉ်အမျိုးအစားမှာ ကာမော့ဗ်–၃၂အမျိုးအစား ရဟတ်ယာဉ်ဖြစ်သည်။

ထိုစဉ်က ရဟတ်ယာဉ်ပေါ်တွင် လေယာဉ်မှူးနှစ်ဦးနှင့် ရုရှားလူမျိုးအဖွဲ့သားသုံးဦးတို့ ရှိနေကြသည်။ အသက်အန္တရာယ်စိုးရိမ်ရလောက်အောင် ဒဏ်ရာမရရှိခဲ့ကြသော်လည်း အားလုံးကို ဒေသတွင်းဆေးရုံသို့ ပို့ပေးခဲ့သည်။ ယင်းအဖြစ်အပျက်နှင့် ပတ်သက်၍ သေချာစွာ သိရှိနိုင်ရန် အခင်းဖြစ်ပွားရာသို့ အခြားရဟတ်ယာဉ်တစ်စင်းကို စေလွှတ်ပေးခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ စင်ကျန်ပြည်နယ်ရှိ တင်တိုရွာကလေးတွင် တည်ဆောက်ထားသည့် ခေတ်မီနေအိမ်များကို ဩဂုတ် ၂၉ရက်က တွေ့ရစဉ်။

(ပေကျင်းရီဗျူး)

# နိုင်ငံတကာ သတင်းများ

## လက်ဘနွန်စစ်ပွဲနှင့် ပတ်သက်၍ အစ္စရေးအစိုးရစုံစမ်းစစ်ဆေးမည်

**ဂျေရုဆလင် ဩဂုတ် ၂၉**

လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာ ပြောက်ကျားများနှင့် ဖြစ်ပွားခဲ့သည့် စစ်ပွဲနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးသွားမည် ဖြစ်ကြောင်း အစ္စရေး ဝန်ကြီးချုပ် အီဟွတ်အိုးလ်မတ်က တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

မိမိဦးဆောင်သော အစိုးရအဖွဲ့က လက်ဘနွန်စစ်ပွဲနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ကော်မတီတစ်ရပ်ကို ခန့်အပ်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံ မြောက်ပိုင်း ဟိုင်ဖာမြို့သို့ ရောက်ရှိစဉ်အတွင်း ဝန်ကြီးချုပ်အိုးလ်မတ် က ပြောကြားသည်။ အစ္စရေး-ဟစ်ဇ်ဘိုလာ စစ်ပွဲ၏ ၃၄ ရက်ကြာကာလအတွင်း ဟိုင်ဖာမြို့သည် ရော့ကက်ဒုံးကျည်များဖြင့် မကြာခဏပစ်ခတ်ခံခဲ့ရသည်။

လက်ဘနွန်စစ်ပွဲအတွင်း အစ္စရေး အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်များ မှန်ကန်မှုရှိ၊ မရှိ အဆိုပါ ကော်မတီက ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း အိုးလ်မတ်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ယူရယ်တောင်တန်းဒေသ၌ ဘိန်းဖြူသိမ်းဆည်းရမိ

**မော်စကို ဩဂုတ် ၂၉**

ရုရှားနိုင်ငံလုံခြုံရေးဌာနသည် ယူရယ်တောင်တန်းဒေသရှိ မြို့တစ်မြို့၌ ဘိန်းဖြူကီလို ၁၆၀ကို သိမ်းဆည်းလိုက်ကြောင်းအီတာတာ့စ်သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါဘိန်းဖြူများကို ယီကတရင်းဘတ်မြို့တွင် သိမ်းဆည်းရမိခြင်းဖြစ်ပြီး တာဂျီကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ မသင်္ကာသူသုံးဦးကို ထိန်းသိမ်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ဘဂ္ဂဒက်တောင်ပိုင်း၌ ကားဗုံးနှစ်လုံးပေါက်ကွဲ

**ဘဂ္ဂဒက် ဩဂုတ် ၂၉**

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ တောင်ပိုင်းတွင် ဩဂုတ်၂၈ရက်က သီးခြားနေရာနှစ်နေရာ၌ ကားဗုံးခွဲတိုက်ခိုက်ခဲ့မှုဖြစ်ပွားရာ လူငါးဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်ရှိဒိုရာရဲတပ်ဖွဲ့ကွန်မန်ဒိုတပ်ဖွဲ့ဝင်များ လှည့်ကင်းထွက်လာစဉ် လမ်းဘေး၌ ရပ်ထားသောကားတစ်စီးမှ ပေါက်ကွဲခဲ့ကြောင်း အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါရပ်ကွက်၌ပင် ဓာတ်ငွေ့အရောင်းဆိုင်တစ်ဆိုင် အနီးရပ်ထားသော ကားတစ်စီးမှပေါက်ကွဲမှု ဖြစ်ပွားရာ အရပ်သားသုံးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အစောပိုင်းတွင် ဘဂ္ဂဒက်မြို့အရှေ့ပိုင်းရှိပြည်ထဲရေးဝန်ကြီးဌာနအဆောက်အအုံပြင်ပတွင် ဗုံးခွဲသူတစ်ဦးက ၎င်း၏ကားကို ဖောက်ခွဲခဲ့သောကြောင့် ၁၄ ဦး သေဆုံးပြီး ၆၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဝန်ကြီးဌာန၏ နောက်ဆုံးဖော်ပြချက်များအရ သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## တောင်ကိုရီးယား ငါးဖမ်းရေယာဉ်တစ်စင်းအား ဂျပန် ရေလုပ်ငန်းအေဂျင်စီက ဖမ်းဆီး

**တိုကျို ဩဂုတ် ၂၉**

ဂျပန်နိုင်ငံဆာဒိုကျွန်းကမ်းလွန်ရှိ သီးသန့်စီးပွားရေးဇုန်(အီးအီးဇက်ဇ်)တွင် ပြည်ကြီးငါး ဖမ်းဆီးသည့် တောင်ကိုရီးယားငါးဖမ်းရေယာဉ်တစ်စင်းကို ဂျပန်ရေလုပ်ငန်းအေဂျင်စီက ဖမ်းဆီးလိုက်ကြောင်း ကျိုဒိုသတင်းဌာနက ဩဂုတ် ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

**သိမ်းဆည်း**

ဂျပန်နီဂါတာပြည်နယ်နှင့် နီးကပ်စွာတည်ရှိသော ရေပြင်တွင်ဖမ်းဆီးခဲ့သည့် ငါးပမာဏနှင့်ပတ်သက်၍ မမှန်မကန်ဖော်ပြခြင်း၊ အီးအီးဇက်ဇ်တွင် ငါးဖမ်းခွင့်နှင့်ပတ်သက်၍ ဂျပန်နိုင်ငံက ပြဋ္ဌာန်းထားသော ဥပဒေကို ချိုးဖောက်ခြင်းတို့ကြောင့် ယင်းငါးဖမ်းရေယာဉ်ကို သိမ်းဆည်းပြီး ငါးဖမ်းရေယာဉ်မှူးကို ဖမ်းဆီးလိုက်ကြောင်း ရေလုပ်ငန်း အေဂျင်စီက ထုတ်ပြန်ကြေညာသည်။

**စစ်ဆေး**

ဆာဒိုကျွန်း အနောက်မြောက်ဘက် ၃၇၅ကီလိုမီတာအကွာရှိ ဂျပန်နိုင်ငံပိုင်ရေပြင်တွင် တောင်ကိုရီးယားငါးဖမ်းရေယာဉ်ကို ဂျပန် ကင်းလှည့်သင်္ဘောတစ်စင်းက ဩဂုတ် ၂၇ ရက်ညနေတွင်ရပ်တန့်စစ်ဆေးခဲ့ရာတွင် ဩဂုတ် ၂၃ ရက်မှအစပြုသည့် ငါးရက်တာကာလအတွင်း ပြည်ကြီးငါးဖမ်းဆီးရမိမှုပမာဏကို လိမ်လည်ဖော်ပြထားကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

တောင်ကိုရီးယားငါးဖမ်းရေယာဉ်များသည် ဂျပန်နိုင်ငံအီးအီးဇက်ဇ်တွင် ခွင့်ပြုချက်ရယူပြီးမှသာ ငါးဖမ်းခွင့်ရရှိမည်ဖြစ်ပြီး ငါးဖမ်းခွင့်ပြန်လည်ခွင့်ပြုထားသော်လည်း၎င်းတို့ဖမ်းမိသောငါးပမာဏကို မှန်ကန်စွာ ဖော်ပြရမည် ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ ရေလုပ်ငန်း ဥပဒေတွင် ဖော်ပြထားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ လေယာဉ်ဖြင့် တောမီး ငြိမ်းသတ်နေသည်ကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

## ဘရာဇီးတွင် ဒိုင်နိုဆောမျိုးစိတ်သစ် ရုပ်ကြွင်းများ တွေ့ရှိ

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၉**

ဘရာဇီးနိုင်ငံမှကျောက်ဖြစ်ရုပ်ကြွင်း ဗေဒပညာရှင်များသည် နှစ်သန်းပေါင်း ၈၀က နေထိုင်ခဲ့သောအသီးအရွက်စားသည့် ကြီးမားသော ဒိုင်နိုဆောတွားသွားသတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိခဲ့ကြသည်။

တီတာနိုဆောရီယာအုပ်စုဝင် မဇီကလီဆောယက်စ်တိုပီသည် ၁၈ မီတာရှည်လျားပြီးအလေးချိန်ကိုးတန်မျှရှိသည်။ ယင်းသည် ဒိုင်နိုဆောမျိုးစိတ်အသစ်ဖြစ်ကြောင်းလည်း သိရသည်။

၎င်းတွင် ကြီးမားသော ခန္ဓာကိုယ်ရှိပြီး ရှည်လျားသောအမြီးနှင့် လည်ပင်းရှိကာ ဦးခေါင်းသေးသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ၁၁၆ နှစ်ရှိ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီး ကွယ်လွန်

**ကွီတို(အီကွေဒေါ) ဩဂုတ် ၂၉**

ကမ္ဘာ့အသက်အကြီးဆုံးဖြစ်သည့် (၁၁၆) နှစ်ရှိ အီကွေဒေါနိုင်ငံသူ အမျိုးသမီးကြီးသည် ဩဂုတ် ၂၇ ရက်က ကွယ်လွန်သွားပြီဖြစ်ကြောင်း ၎င်း၏ ဆွေမျိုးသားချင်းများက ဒေသခံသတင်းဌာနသို့ အကြောင်းကြားခဲ့သည်။

**ကြေညာ**

သူမ၏မွေးနေ့သို့ရောက်ရန် တစ်လခန့်အလိုတွင်သေဆုံးသွားခြင်းဖြစ်သည်။ သူ၏ အမည်မှာ မာရီရာအက်စသာဒီ ကာပိုဗီလာဖြစ်ပြီး အသက်အကြီးဆုံး ဖြစ်ကြောင်းကို ဂင်းနစ်ကမ္ဘာ့မှတ်တမ်းများစာအုပ်တွင် ယမန်နှစ် ဒီဇင်ဘာလက ဖော်ပြခဲ့သည်။ ကာပိုဗီလာ၏ အရင် အမေရိကန်အမျိုးသမီးကြီးမှာ အသက်အကြီးဆုံးအဖြစ် အသိအမှတ်ပြုခံထားရသော်လည်းကာပိုဗီလာပေါ်လာသောအခါ ထိုဘွဲ့ကို လွှဲပြောင်းပေးခဲ့ရသည်။

**ဖွင့်လှစ်**

ကာပိုဗီလာကို ၁၈၈၉ ခုနှစ် စက်တင်ဘာ ၁၄ရက်က မွေးဖွားခဲ့သည်။ ထိုနှစ်တွင်ပင် ဂျာမနီမှ အဒေါ့ဖ်ဟစ်တလာကိုလည်းမွေးဖွားခဲ့ပြီး ပြင်သစ်နိုင်ငံ၏ နာမည်ကျော် အီဖယ်မျှော်စင်ကြီးကိုလည်း ယင်းနှစ်မှာပင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သူမသည် နေ့စဉ် မြည်းနို့ သို့မဟုတ် ဆိတ်နို့တစ်ခွက်နှင့် ဝိုင်တစ်ခွက်ကို မှန်မှန်သောက်သုံးလေ့ရှိကြောင်း ဆွေမျိုးသားချင်းများက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## နယ်သာလန်၌ ဓာတ်ငွေ့စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွား

**အမ်စတာဒမ် ဩဂုတ် ၂၉**

နယ်သာလန်နိုင်ငံ တာနူဇင်မြို့၌ဒေါင်း ဓာတုပစ္စည်းကုမ္ပဏီပိုင် ပရိုပိုင်လင်း ဓာတ်ငွေ့နှင့် အီသလင်းဓာတ်ငွေ့ စက်ရုံတစ်ရုံတွင် မီးလောင်ကျွမ်းမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

အဆိုပါစက်ရုံတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသော်လည်း ၎င်းက အသေးစိတ်ပြောကြားခြင်းမရှိပေ။

မီးသတ်တပ်ဖွဲ့၏ လေ့လာစိစစ်ချက်အရ မီးလောင်ကျွမ်းရာတွင် ပြည်သူလူထုကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သည့် ဓာတုပစ္စည်းများ မတွေ့ရှိရကြောင်း အေအင်ပီ သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***



**ဗီယက်နမ်စစ်ပွဲကာလ အမေရိကန်တပ်ဖွဲ့ဝင်များအား ထောင်ချောက်ဆင်ခဲ့သည့် နေရာတစ်ခုတွင် ကမ္ဘာလှည့်ခရီးသည်များ လေ့လာနေသည်ကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အမေရိကန်ခရီးသည်တင် လေယာဉ်တစ်စင်း ဗုံးခြိမ်းခြောက်စာတွေ့၍ လမ်းကြောင်းပြောင်းခဲ့ရ

**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားမြို့မှ ဟူစတန်မြို့သို့ ပျံသန်းသွားသော လေယာဉ်ပေါ်တွင် ဗုံးပါရှိကြောင်း ခြိမ်းခြောက်စာကို ဩဂုတ် ၂၈ ရက်က တွေ့ရှိရပြီးနောက် ယင်းလေယာဉ်ကို ဘရစ်စတိုသို့ လမ်းကြောင်းပြောင်းပေးခဲ့ရကြောင်း အရာရှိများက ပြောကြားသည်။

ထိုလေယာဉ်ကို တင်နက်ဆီပြည်နယ်ရှိ ထရိုင်စီတီလေဆိပ်တွင် ဆင်းသက်ခဲ့ရသည်။ ယင်းလေယာဉ်ကွင်းသည် တင်နက်ဆီအရှေ့ပိုင်းနှင့်လည်းကောင်း၊ ဗာဂျီးနီးယားအနောက်တောင်ပိုင်းနှင့်လည်းကောင်း၊ ကယ်လီဖိုးနီးယား အနောက်တောင်ပိုင်းဒေသများသို့လည်းကောင်း၊ အဆက်အသွယ်ရှိသော လေယာဉ်ကွင်းဖြစ်သည်။ ထိုယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်များကို ပြည်ထောင်စုထောက်လှမ်းရေးဗျူရို အဖွဲ့ (အက်ဖ်ဘီအိုင်)က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ လေယာဉ်မှာ ခရီးစဉ်အမှတ် ၃၄၄၁ကို ပျံသန်းနေသော ရီပါးဘလစ်လေကြောင်းလိုင်းပိုင် လေယာဉ်ဖြစ်ပြီး အခင်းဖြစ်ပွားစဉ်က လေယာဉ်ပေါ်တွင် ခရီးသည် ၅၂ဦးနှင့် လေယာဉ်အဖွဲ့သားသုံးဦးတို့ လိုက်ပါလာခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့က NLD ပါတီဝင်များအား သင်တန်းအမျိုးမျိုးဖွင့်လှစ်ပို့ချ သင်ကြားညွှန်ပြပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၂၀

**ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့မှ သံတမန်များသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် သံတမန်ကျင့်ဝတ်များကို ဖောက်ဖျက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေကြောင်း အားလုံးအသိပင်ဖြစ်သည်။ အထူးသဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ၏တည်ငြိမ်မှုပျက်ပြားအောင်၊ အေးချမ်းသာယာမှုများ ယိုယွင်းအောင်၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေရာတွင် တရားမဝင် သင်တန်းဖွင့်လှစ်ပို့ချခြင်းများလည်း ပါဝင်လျက်ရှိသည်။**

NLD မှ တာဝန်ရှိသူများသည် ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးနှင့် အမေရိကန်သံရုံးတို့နှင့် ဆက်သွယ် ညှိနှိုင်း၍ NLD ပါတီဝင်များအား အခမဲ့သင်ကြားပေးရန် သဘောတူညီချက်ရယူပြီး ၎င်းတို့၏ ပါတီဝင်များအား ဗြိတိသျှသံရုံး ပြန်ကြားရေးဌာနနှင့် အမေရိကန်စင်တာတို့၌ ဖွင့်လှစ်သော သင်တန်းများသို့ တက်ရောက်စေလျက်ရှိကြောင်းသိရသည်။

ဗြိတိသျှသံရုံး ပြန်ကြားရေးဌာနတွင် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးသင်တန်းနှစ်မျိုးကိုလည်းကောင်း၊ အမေရိကန်စင်တာတွင် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးသင်တန်းနှင့် ကမ္ဘာလုံးဆိုင်ရာ နည်းပညာဖြန့်ကြက်မှုသင်တန်း သုံးမျိုးတို့ကိုလည်းကောင်း ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါ သင်တန်းများသို့ သာမန်အရပ်သားများ တက်ရောက်လိုပါက ဝင်ခွင့်စာမေးပွဲ အောင်မြင်မှ တက်ရောက်ခွင့်ရှိကာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ခန့် သင်တန်းကြေး ပေးဆောင်ရသော်လည်း NLD ပါတီဝင်ဖြစ်ပါက သင်တန်းကြေးပေးရန်မလိုဘဲ သီးခြားသင်ကြားပေးနေခြင်းဖြစ်သည်။

အမေရိကန်စင်တာ၌ Professional Development Programme-1 သင်တန်းကို ၂၀၀၂ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ၂၀၀၃ခုနှစ်အထိ အပတ်စဉ် အင်္ဂါနှင့် ကြာသပတေးနေ့တို့တွင် ဖွင့်လှစ်ခဲ့ရာ NLD မှ ဒေါက်တာဝင်းနိုင်၊ ဦးမြင့်သိန်း၊ ဦးထွန်းထွန်းဟိန်၊ ဦးလှမင်း၊ ဦးဝင်းမြင့်နှင့် ဦးသိန်းဦးတို့ ခြောက်ဦး တက်ရောက်ခဲ့ကြပြီး ၂၀၀၃ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဆက်လက်ဖွင့်လှစ်ခဲ့ရာ NLD မှ ဒေါက်တာမျိုးအောင်၊ ဦးဉာဏ်ဝင်း၊ ဦးဟံဖော်၊ ဒေါ်နန်းခင်ထွေးမြင့်၊ ခင်ထွန်းနှင့် တိုးလွင်တို့ ခြောက်ဦး တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ Professional Development Programme-2 သင်တန်းကို ၁၄-၆-၂၀၀၅ ရက်တွင် ဆက်လက်ဖွင့်လှစ်ခဲ့ရာ NLD မှ ဦးဟန်သာမြင့်၊ ဒေါက်တာအောင်မိုးညို၊ ဦးထွန်းမြိုင်၊ ဦးသိန်းဇံ၊ ဦးစိုးဝင်း၊ ဒေါ်အေးအေးမာ၊ ဒေါက်တာသန်းဝင်း၊ ဦးဝင်းသောင်း၊ ဦးကျော်ဟိုး၊ ဒေါ်သန်းငွေနှင့် ဦးဇော်ဘွဲ့ စုစုပေါင်း ၁၁ဦးတက်ရောက်လျက်ရှိပြီး အဆိုပါသင်တန်းတွင် လူကုန်ကူးမှုဆိုင်ရာ ဘာသာရပ်၊ ILO၏ အလုပ်သမားများနှင့် သက်ဆိုင်ရာ ပြဋ္ဌာန်းသည့်စာတမ်း၊ လူ့အဖွဲ့အစည်းများအကြောင်း၊ လူ့အခွင့်အရေး ကောက်နုတ်ချက်၊ ဖက်ဒရယ်မူနှင့်ပတ်သက်သည့် အကြောင်းအရာ အချက်အလက် စသည်များကို ၂၀၀၅ခုနှစ်တွင် ၂၈ကြိမ်၊ ၂၀၀၆ခုနှစ်တွင် ဩဂုတ် ၂၃ရက်အထိ ၃၅ကြိမ် သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ဗြိတိသျှသံရုံး ပြန်ကြားရေးဌာန၌ အင်္ဂလိပ်စကားပြောနှင့် ကွန်ပျူတာသင်တန်းကို ၂၀၀၂ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ၂၀၀၃ခုနှစ်အထိ အပတ်စဉ် ကြာသပတေးနှင့် စနေနေ့တို့တွင် ဖွင့်လှစ်ခဲ့ရာ NLD မှ ဒေါက်တာဝင်းနိုင်၊ ဦးမြင့်သိန်း၊ ဦးထွန်းထွန်းဟိန်၊ ဦးလှမင်း၊ ဦးဝင်းမြင့်၊ ဦးသိန်းဦးတို့ ခြောက်ဦး တစ်ဆက်တည်း တက်ရောက်ခဲ့ကြပြီး ၂၀၀၃ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ဆက်လက်ဖွင့်လှစ်ခဲ့ရာ NLD မှဒေါက်တာမျိုးအောင်၊ ဦးဉာဏ်ဝင်း၊ ဦးဟံဖော်၊ ဒေါ်နန်းခင်ထွေးမြင့်၊ ခင်ထွန်းနှင့် တိုးလွင်တို့ ခြောက်ဦး တစ်ဆက်တည်း တက်ရောက်ခဲ့ကြသည်။

၂၂-၉-၂၀၀၅ ရက်တွင် အဆိုပါသင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့ရာ NLD မှဦးဟန်သာမြင့် အပါအဝင် ၁၁ဦး တစ်ဆက်တည်း တက်ရောက်လျက်ရှိကြောင်း၊ ၎င်းသင်တန်းတွင် သင်ရိုးညွှန်းတမ်း စနစ်တကျဆွဲမထားဘဲ အင်္ဂလိပ်စကားပြော၊ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမှု၊ ကမ္ဘာ့နိုင်ငံများ အသီးသီး၌ လာဘ်စားမှု၊ အင်တာနက်သတင်း၊ ကမ္ဘာ့ကုန်သွယ်ရေးစနစ်၊ အင်အားနည်းနိုင်ငံများ၌ လူ့အခွင့်အရေးနှင့် ဥပဒေချိုးဖောက်မှု စသည်တို့ကို ၂၀၀၅ ခုနှစ်တွင် ၁၈ကြိမ်၊ ၂၀၀၆ ခုနှစ်တွင် ဩဂုတ် ၁၂ရက်အထိ ၃၄ကြိမ် သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

၎င်းသံရုံးများ၌ ဖွင့်လှစ်သည့် သင်တန်းများသို့ မြန်မာစာနယ်ဇင်းလောကမှ လူငယ်အချို့ကိုလည်း တက်ရောက်စေခဲ့ရာ ၎င်းတို့၏သင်ကြားပို့ချမှုမှာ သကာရည်အုပ်ထားသည့် ဆေးခါးကြီးတိုက်သကဲ့သို့ ဖြစ်နေသည့်အတွက် မီဒီယာအဆိပ်အတောက်ဟု ခေါ်နိုင်ကြောင်း၊ အထူးသဖြင့် စာနယ်ဇင်းလောကသို့ ယခုမှ ဝင်ရောက်စဖြစ်သည့် အတွေ့အကြုံ မရှိသေးသော အဖြူထည် လူငယ်စာနယ်ဇင်းသမားများအား ၎င်းတို့စိတ်ကြိုက် အရောင်ဆိုးနိုင်ရန် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများဖြစ်ကြောင်း။

အဆိုပါ သင်တန်းများတွင် သင်တန်းသားများအား မြန်မာနိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်တို့ကို ဆွေးနွေး၊ ရေးသားတင်ပြစေခြင်းဖြင့် နိုင်ငံခြားသားသင်တန်း နည်းပြများက ၎င်းတို့ သိလိုသည်များကို အမြတ်ထုတ်ညှစ်ယူနေကြောင်း၊ မြန်မာနိုင်ငံ၏သတင်းများကို သင်တန်းအားအကြောင်းပြလျက် နှိုက်ယူနေခြင်းသာဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ၎င်းတို့သွေးထိုးပြောကြားညွှန်ကြားလိုသည်များကို သင်ကြားပို့ချနေကြောင်း၊ သင်တန်းသားများအတွက်မူ အင်္ဂလိပ်စကားပြော၊ အရေးအသား စသည်တို့ တိုးတက်ကောင်းမွန်လာသည့် အကျိုးမရရှိကြောင်း၊ အဆိုပါ သံရုံးများအနေဖြင့် NLD နှင့် ပူးပေါင်း၍ တရားမဝင်သင်တန်းများ ဖွင့်လှစ်ပို့ချသင်ကြား ညွှန်ပြနေခြင်းသည် သံတမန်ကျင့်ဝတ်ကို ဖောက်ဖျက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေခြင်းသာဖြစ်ကြောင်း စသည်ဖြင့် ပုဂ္ဂလိကစာနယ်ဇင်းသမားများအတွင်း ဝေဖန်သုံးသပ်ပြောကြားမှုများ ရှိနေသည်ဟု သိရှိရသည်။

(က-ပ)

## ကျိုက်လတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၄၀ တို့ စုပေါင်းနုတ်ထွက် ထို့ပြင် ကျိုက်လတ်မြို့နယ် ပါတီဝင် ၂၀ တို့ကလည်း NLD ပါတီမှ နုတ်ထွက်ခဲ့ပြီးဖြစ် ပါတီဝင် ၁၆၂ ဦးကလည်း NLD ပါတီဝင်စာရင်းမှ ပယ်ဖျက်ပေးပါရန် အဆိုပြုတင်ပြလာ

ရန်ကုန် ဩဂုတ် ၂၀

**ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးသန်းဆွေ၊ ဦးစိန်ဝင်း၊ ဦးသန်းရွှေ၊ ဦးအုန်းမောင်၊ ဦးအောင်သိန်းစိုး၊ မသီသီဆွေ၊ ဦးကျင်ဆိုင်၊ ဦးဇော်နိုင်၊ ဦးခင်ဇော်နှင့် ဦးမြင့်သိန်းတို့အပါအဝင် ပါတီဝင် ၄၀တို့သည် ဇူလိုင် ၂၈ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက်နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။**

ကျိုက်လတ်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ လုပ်ဆောင်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး လုပ်ရပ်များကိုသာ ရှေးရှုလုပ်ဆောင်ခဲ့သဖြင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

ထို့အပြင် ကျိုက်လတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးခင်ဇော်၊ ဒေါ်ကြည်နှင့် ဒေါ်သန်းနုတို့အပါအဝင် ပါတီဝင် ၂၀တို့ကလည်း ၎င်းတို့၏ ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် ဦးစောထွန်း၊ ဒေါ်ခင်စိန်၊ ဒေါ်ဝါ၊ ဒေါ်ဝတုတ်၊ ဒေါ်တင်တင်အေး၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးသန်းထွန်း၊ ဦးတင်အောင်ကျော်၊ ဒေါ်အေးကြူနှင့် ဦးသက်ဦးတို့ အပါအဝင် NLD ပါတီဝင် ၁၆၂ဦးတို့က ၎င်းတို့သည် NLD ပါတီဝင်ဖြစ်မှန်း မသိဘဲ ပါတီဝင်စာရင်းတွင်ပါရှိနေခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် NLD ပါတီကို ယခင်ကရော ယခုတွင်ပါ ထောက်ခံခဲ့ခြင်းမရှိကြောင်း၊ နောင်ကိုလည်း မထောက်ခံပါကြောင်း၊ ထို့အတွက် NLD ပါတီဝင်စာရင်းမှ ပယ်ဖျက်ပေးပါရန် အဆိုပြုတင်ပြလာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ဆွမ်းပဒေသာပင်လှူဒါန်း

**ဩဂုတ် ၂၂ ရက်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ သာကေတမြို့နယ် မလွန်ဆန်လှူသင်းထောက်ဥက္ကဋ္ဌ ဦးရွှေ ဦးဆောင်သော အမှုဆောင်များနှင့် အလှူရှင်များက တစ်နေ့တာဆွမ်းအလှူတော် ငွေကျပ် ၄၅၀၀၀၀နှင့် ဆွမ်းပဒေသာပင် ကျပ်နှစ်သိန်းကို သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲနိုင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အလက(၄)တွင် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောဝင်း ကျောင်းပျက်ရက်မရှိသော ဆရာမ ဒေါ်အေးအေးသန်းအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။** (ပညာရေး)

**ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို ဩဂုတ် ၂၀ရက်က အာရှပလာဇာ ဟိုတယ်၌ ပြုလုပ်ရာ ရွှေရတု အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရဲသူရသန်းလှိုင်က ဧရာဝတီတိုင်းကိုယ်စားပြု ရွှေတံဆိပ်ဆုရ ဖျာပုံမြို့နယ် ရာမာယဏဇာတ်အဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က-ပ)

# ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင်နှင့် အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်သောကျောင်းများ သတ်မှတ်ခြင်းအခမ်းအနား ကျင်းပ

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်ဝေတို့ ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်သော ကျောင်း သတ်မှတ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၃၀

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူးကျင်းပသော ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်သောကျောင်း သတ်မှတ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း တက်ရောက် အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက အမှိုက်ကင်းစင်၊ ခြင်ကင်းစင်နှင့် ဆေးလိပ်ကင်းစင် ကျောင်းဆိုင်းဘုတ်များအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းရှိ ခြင်ကင်းစင်၊ ဆေးလိပ်ကင်းစင်၊ အမှိုက်ကင်းစင် စင်သုံးစင် ပြခန်းကို ဝင်ရောက်ကြည့်ရှုကြရာ ကျောင်းသား ကျောင်းသူလေးများက ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသကြပြီး **"စင်သုံးစင်"** သီချင်းဖြင့်သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ အခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက အမှာစကား ပြောကြားပြီး အလှူရှင် ဦးကျော်နိုင်ဦး၊ ဦးဇော်နိုင်ဦး၊ ဦးသက်နိုင်ဦး (Naing Group ဆောက်လုပ်ရေး)က တောင်ဥက္ကလာပမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း၏ ခြံစည်းရိုးအုတ်တံတိုင်း ကာရံရန်အတွက် ငွေကျပ် ၁၅သိန်း ပေးအပ်လှူဒါန်းမှုကို တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက လက်ခံသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ရန်အတွက် ဖွံ့ဖြိုးအောင်၊ ရွှေတောင်၊ AMC ၊ ဂရိတ်ဝေါလ်၊ မြင့်မြတ်ကျော်နှင့် Asia World ဆောက်လုပ်ရေးကုမ္ပဏီများက ငွေကျပ်သုံးသိန်းစီ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သွေးလွန်တုပ်ကွေးရောဂါ ပညာပေးပိုစတာများကို ဆရာမများထံ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ်ခင်သန်းဝင်းက ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါက်တာသန်းဦးက တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးပညာပေး ဉာဏ်စမ်းမေးခွန်းများမေးမြန်းသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင်များ ဖြစ်ကြသော ဒေါ်သဇင်နွယ်နှင့် ဒေါ်တင်တင်မြတို့က ကျန်းမာရေးပညာပေးဉာဏ်စမ်းပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## မိုးကုတ်ဝိပဿနာ ခုနစ်ရက်စခန်းပွဲ

**ရန်ကုန် ဩဂုတ် ၃၀**

မြောက်ဥက္ကလာပမြို့နယ် မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်းမှ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရှေဦးဆရာတော် အရှင်နန္ဒာသီရိသည် စက်တင်ဘာ ၁ရက်မှ ၇ရက်အထိ အဖွဲ့ခွဲအမှတ်(၇၉) သုံးဆယ်မြို့၊ အောက်တိုဘာ ၂ရက်မှ ၁၀ရက်အထိ အဖွဲ့ခွဲ (၁၂၈) မိုးညိုမြို့နှင့် အောက်တိုဘာ ၁၁ရက်မှ ၁၇ရက်အထိ အဖွဲ့ခွဲအမှတ်(၂၉၆) ကြားကြားကန်ရွာ၊ နတ်တလင်းမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များဟောကြားမည် ဖြစ်ကြောင်း သိရသည်။ (က–ပ)

## နိုင်ငံခြားရေးဝန်ကြီးဌာန ဆွမ်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီးတို့အား အမှူးထား၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုက ဩဂုတ် ၂၉ရက်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ စာချဆရာတော်များနှင့် သင်တန်းသားသံဃာတော်များအပါအဝင် စုစုပေါင်း ဆရာတော် သံဃာတော်အပါး ၄၅၀တို့အား ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၀၆ ခုနှစ် ဩဂုတ် ၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၉)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မလေးရှားနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီး ဒါတိုဆရီဆာရိဒ်ဟာမစ်ဘင်ဆာရိဒ်ဂျဖာအယ်လ်ဘာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

## ၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်( ရေ ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊အရာရှိ၊စစ်သည်များ၊ မိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ၊ပြိုင်ပွဲဝင်အားကစားသမားများတက်ရောက်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အသင်း ၁၃သင်းပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၆ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၃၀ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ စတုတ္ထတန်း ဘက်စုံထူးချွန် ပထမဆုနှင့် လေးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရ မောင်ပြည့်ဖြိုးပိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနု ဆုချီးမြှင့်စဉ်။** (ပညာရေး)

## ကျွေးမွေးလှူဒါန်း

**လှိုင်သာယာမြို့နယ် အမှတ်(၃၅) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၂၈ရက်က ဦးခင်ဇော် – ဒေါ်ခင်ခင်သန်းတို့၏ သား မောင်မိုးရဲခင်ဇော်က ကျောင်းသား ကျောင်းသူများအား အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။** (က–ပ)

**✳ ကျောဖုံးမှ**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာပြ ဆောင်ရွက်ရေး၊ နှစ်ရှည်သီးနှံပင်များနှင့် ခြံစည်းရိုးကြက်ဆူပင်များ ပိုမိုတိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံကြသည်။

ရှေ့ဦးစွာ ဗန်းမော်ခရိုင် မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညွန့်ဝင်းက မြေယာအသုံးချမှုနှင့် အဓိက သီးနှံလေးမျိုး စိုက်ပျိုးပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးဆင်ဝါးဘောက်က အထွက်တိုးစပါးနှင့် နည်းပညာအသုံးပြု စိုက်ပျိုးမှုအခြေအနေကို လည်းကောင်း၊ ခရိုင် သစ်တောဦးစီးဌာနမှူး ဦးခင်မောင်ဦးက သစ်တော၊ သစ်ပင်များ ပျိုးထောင်စိုက်ပျိုးပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ကို စနစ်တကျ ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် အဓိကကျသည့်အတွက် နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တိုးတက်ရန် လမ်း၊ တံတားများကို ဆောက်လုပ်ပြုပြင် ဆောင်ရွက်ပေးမှုကြောင့် ယခင်က လေကြောင်းနှင့် ရေကြောင်းတို့ကိုသာ အဓိကထား သွားလာနေရသည့် ဗန်းမော်ခရိုင်အနေဖြင့် ယခုအခါ ဗန်းမော်–မြစ်ကြီးနားလမ်း၊ ဗန်းမော်–လွယ်ဂျယ်လမ်း၊ ဗန်းမော်–နမ့်ခမ်းလမ်း၊ ဗန်းမော်–စီအူလမ်း၊ ဗန်းမော်–ရွှေကူ–မန္တလေးလမ်းတို့ဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လျက်ရှိနေပြီး နယ်စပ်ဒေသများကိုပါ ခရီးသည်နှင့် ကုန်စည်များပို့ဆောင်ပေးနိုင်ပြီဖြစ်ကြောင်း၊ ဒေသဆန် ဖူလုံမှုရှိသော်လည်း ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့်အညီ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးပြီး စပါးအထွက်နှုန်းပိုမိုကောင်းမွန်ထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဒီဇယ်အစားထိုး ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးတာဝန်အနေဖြင့် စီမံချက်နှင့်အညီ ပြည့်မီအောင် စိုက်ပျိုးကြရန်ဖြစ်ကြောင်း။

ထို့ပြင် ရာသီစိုက်သီးနှံများသာမက နှစ်ရှည်သီးနှံပင်များဖြစ်သည့် တညင်း၊ ရော်ဘာ၊ ကျွန်း စသည်တို့ကိုလည်း ရေရှည်အကျိုးအတွက် မျှော်မှန်းစိုက်ပျိုးကြစေလိုကြောင်း၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တော၊ သစ်ပင်များကိုလည်း ထိန်းသိမ်းစောင့်ရှောက် ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူတို့၏ စံနမူနာပြဖြစ်အောင် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (ဗန်းမော်)သို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါက်တာဦးကျော်အောင်နှင့် ဆရာ၊ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် Language Labနှင့် Computer Room တို့၌ ခေတ်မီ သင်ထောက်ကူပစ္စည်းများဖြင့် ပညာသင်ကြား/သင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ပင်မဆောင်ရှိ အစည်းအဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ကျောင်းအုပ်ကြီးက ကျောင်း၏ တည်နေရာနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား စာတတ်မြောက်အောင် စေတနာထား သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ အရည်အသွေးများကို ပိုမိုမြင့်မားသည်ထက် မြင့်မားအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် နှစ်ရှည်ပင်ဖြစ်သည့် တညင်းပင်နှင့် ထောပတ်ပင်များကို စိုက်ပျိုးကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာ ကောလိပ်(ဗန်းမော်)သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်လွင်လွင်ဦးက ကျောင်း၏တည်နေရာနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ကျောင်းအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် နှစ်ရှည်သီးနှံတညင်းပင်၊ ထောပတ်ပင်နှင့် ရာသီသီးနှံစိုက်ပျိုးကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး သင်တန်းကျောင်းအုပ် ဒေါ်သင်းသင်းမြတ်က သင်တန်းများ ပို့ချပြီးစီးမှုအခြေအနေနှင့် ထပ်မံဖွင့်လှစ်မည့် သင်တန်းအတွက် ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ခုတင်(၂၀၀)ဆံ့ ဗန်းမော်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပြည်သူ့ဆေးရုံအတွက် လိုအပ်ချက်များကိုမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်ရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့သွားရောက် ကြည့်ရှုစစ်ဆေးကြရာ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးကြီးစိန်ဝင်းက တပ်နယ်အတွင်း မြေဧက ၁၀၀၌ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဗန်းမော်ဒီဂရီကောလိပ်သို့ရောက်ရှိကြပြီး ကျောင်းဝင်းအတွင်းရှိ ဧက ၅၀ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ပင်မဆောင်ရှိ အစည်းအဝေးခန်းမ၌ကျောင်းအုပ်ကြီး ဦးတင်အောင်က ဗန်းမော်ဒီဂရီကောလိပ်၏ တည်နေရာနှင့်လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ဆရာ၊ဆရာမများအနေဖြင့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးရန်နှင့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကိုလည်း ကြိုးပမ်းလုပ်ဆောင်ကြရန်၊ နှစ်ရှည်ပင်ဖြစ်သည့် တညင်း၊ ထောပတ်ပင်များနှင့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း ကျောင်း၏မြေလွတ်၊မြေလပ်၊မြေကွက်လပ်များနှင့် ကျောင်းအဝင်လမ်းဘေးဝဲ/ယာတစ်လျှောက်၌တိုးချဲ့စိုက်ပျိုးကြရန်၊ မိမိတို့ကျောင်းတော်ကြီး စိမ်းလန်းစိုပြည်သာယာလှပရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆရာမဆောင် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် အစိုးရနည်းပညာကောလိပ် (ဗန်းမော်)တွင် ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် ပညာသင်ကြားသင်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူးချုပ်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား UN Assistant Secretary- General and Deputy Executive Director of UNICEF Mr. Kul Chandra Gautam သည် ဩဂုတ် ၂၈ရက် မွန်းလွဲ၁နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အလုံမြို့နယ်ခန်းမ၌ ဩဂုတ် ၂၉ ရက်ကကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က တံခွန်စိုက်ဆုရရှိသည့် လသာမြို့နယ်အား ဆုချီးမြှင့်ရာ မြို့နယ်ဥက္ကဋ္ဌဦးသိန်းထွန်းနှင့်အဖွဲ့လက်ခံရယူစဉ်။(က-ပ)

## ၂၀၀၆ခုနှစ် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၃၀**

(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၆ခုနှစ်အတွက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ယခုနှစ်တွင်ကျင်းပမည့်ပြိုင်ပွဲများမှာ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲ၊ အခြေခံပညာ အလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် **“လူမှုရေးဦးတည်ချက်(၄)ရပ်”** ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်မှာ ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀အတွင်း ဆောင်းပါးသည် စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း၊ ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ **“ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ”** ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲဝင်လိုသူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကိုလည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် အကြောင်းအရာ Captionနှင့်အတူ ၁၀X၁၂လက်မ (သို့မဟုတ်) ၁၀X၁၄ လက်မ ထက်မငယ်သောအရွယ်အစား Print ပုံ လေးပုံအထိကို လည်းကောင်း ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ကိုယ်တိုင်ဓာတ်ပုံရိုက်ကူးကြောင်းနှင့် ပြည်တွင်း/ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းကို ဝန်ခံချက်၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အတွင်းရေးမှူး၊ အမျိုးသားရေး ဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ၂၀၀၆ခုနှစ် စက်တင်ဘာ ၃၀ရက်နေ့တွင်လည်းကောင်း၊ ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၃၀ရက်နေ့တွင်လည်းကောင်း နောက်ဆုံးထား၍ ပေးပို့ရန်သတ်မှတ်ထားသည်။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## ❖ ရခိုင်ပြည်နယ်မှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မင်းဘူး–အမ်းကားလမ်းတစ်လျှောက်ရှိ လမ်းများ၏အခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး မင်းဘူး–အမ်းကားလမ်း၏ ကြက်ရေစမ်းရွှေတန်းစခန်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)၏ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အင်ဂျင်နီယာမှူး ဦးဘစောက မင်းဘူး–အမ်းကားလမ်း မိုင်တိုင်အမှတ်(၆၁/၀)မှ မိုင်တိုင်အမှတ်(၈၈/၀) အထိ လမ်းအရှည် ၂၇ မိုင်၊ လမ်းအကျယ် ၁၂ ပေကို လမ်း အနိမ့်၊ အမြင့် ညှိခြင်း၊ ကျောက်ကတ္တရာဖြင့် လမ်းပေါက်များဖာထေးခြင်း လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ လမ်းဘေး ဝဲ/ယာ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ အင်ဂျင်နီယာမှူး ဦးအုန်းလွင်က မိုင်တိုင်အမှတ်(၈၈/၀)မှ မိုင်တိုင်အမှတ်(၉၇/၀) အထိ လမ်းအရှည် ကိုးမိုင်၊ လမ်းအကျယ် ၁၂ ပေကို လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြ၍ အင်ဂျင်နီယာချုပ် ဦးကျော်တင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မြေပြိုမှုကြောင့် ယာဉ်အသွားအလာ ပြတ်တောက်မှုမဖြစ်အောင် ဂရုစိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိုးတွင်းကာလတွင် လမ်းဘေး ဝဲယာ ရေဆင်းမြောင်းများ စနစ်တကျ တူးဖော်ခြင်းနှင့် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိုးရာသီအတွင်း ယာဉ်သွားလာမှု ကောင်းမွန်မှန်ကန်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကြက်ရေစမ်းရွှေတန်းစခန်းမှ အမ်းမြို့အထိ ကားလမ်းတစ်လျှောက်ရှိ ရေဆင်းမြောင်းများ တူးဖော်ပြီးစီးမှုအခြေအနေနှင့် ကျောက်ကတ္တရာဖြင့် လမ်းပေါက် ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်မှုနေမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

### တွေ့ဆုံ

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ ဒေသဖွံ့ဖြိုးရေးရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးခင်မောင်ဆွေက ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး စိုက်ပျိုးရန် လျာထားဧက ၅၁၂၀၈ ဧကတွင် ၅၁၂၁၈ ဧက စိုက်ပျိုးပြီးစီးမှု၊ ဧရာဝတီ ကောင်းလျာထားဧက ၃၀၀ တွင် ဧက ၃၀ စိုက်ပျိုးပြီးစီးမှု၊ ရော်ဘာ ၇၁၈ ဧကနှင့် ခြံစည်းရိုး ကြက်ဆူပင် ၈၁၀ ဒသမ ၆၀ ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ အမ်းမြို့နယ်ဆိုင်ရာ အချက်အလက်များ၊ အမ်းမြို့နယ် အတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍအလိုက် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

### ရည်မှန်းချက်ပြည့်မီအောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကား ပြောကြားရာ၌ ယခုနှစ်တွင် အမ်းမြို့နယ်၌ မိုးစပါး ပိုမိုစိုက်ပျိုးနိုင်ကြောင်း၊ ပဲ ဆီထွက်သီးနှံများလည်း လျာထားချက်နှင့်အညီ စိုက်ပျိုးနိုင်သည်ကို တွေ့ရကြောင်း၊ ရခိုင်ပြည်နယ်ကို ဧရာဝတီကောင်းပြည်နယ် ဖြစ်စေရန် တိုးချဲ့စိုက်ပျိုးနိုင်သမျှ တိုးချဲ့ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ရော်ဘာသည် နိုင်ငံခြားဝင်ငွေရနိုင်ပြီး ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများပေးနိုင်ကြောင်း၊ ရခိုင်ပြည်နယ်၏ ရော်ဘာစိုက်ဧက တစ်သိန်း ရည်မှန်းချက်ကို ပြည့်မီအောင်အမ်းမြို့နယ်ကလည်းလျာထားချက်နှင့်အညီ မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမ်းချိုင့်ဝှမ်းကို ရော်ဘာချိုင့်ဝှမ်းအဖြစ် အသွင်ပြောင်းနိုင်အောင် စံနမူနာပြ စိုက်ပျိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရန် လေယာဉ်ကွင်း၊ ခုတင် ၁၀၀ ဆံ့ ဆေးရုံ အစရှိသည်တို့ကို စီမံဆောင်ရွက်ပေးထားကြောင်း၊ ဌာနဆိုင်ရာများကလည်း မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်၏ မိုးစပါးလျာထားချက် ဧက ၁၂ သိန်း ထက်ကျော်လွန်အောင် စိုက်ပျိုးရာတွင် အမ်းမြို့နယ်က တစ်တပ်တစ်အား ပါဝင် လုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်ကိုလည်း သုံးနှစ်အတွင်း ဧကေါ်သိန်း ပြည့်မီအောင် ဆောင်ရွက်ရာတွင် မြို့နယ်လျာထားချက် ပြည့်မီကျော်လွန်အောင် လုပ်ဆောင်ရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မင်းဘူး–အမ်း ကားလမ်းတွင် စက်ယန္တရားကြီးများဖြင့် လမ်းပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၃၁–၈–၂၀၀၆ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၂၅ ၈။ ယာကြီးရေထိန်းတံခါး
- ၈:၃၀ ၉။ အဆိုပြိုင်ပွဲ
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သချာ်အထူးပြု) (သချာ်)
- ၄:၅၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၀၅ ၆။ တေးဂီတအစီအစဉ်
- ၅:၂၀ ၇။ "ပေါင်ပေါ်ကျတဲ့မိး" (ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ–မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
- ၅:၃၀ ၈။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၅–၁၀နှစ်) (အမျိုးသမီး)
- ၅:၄၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သီရိဂေဟာ
- ၇:၀၀ ၁၃။ ဒေသအလိုက် ကာကွယ်ဆေး တိုက်နေ့များအကြောင်း သိကောင်းစရာ
- ၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်လိပ်ပြာလေး တဝဲလည်လည်" (အပိုင်း–၁၉)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသံစဉ်" (အပိုင်း–၁၅)**
- ၁၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

### မာဒေးကားဖလား

မြန်မာအသင်း ဆွတ်ခူးရရှိခဲ့သော မာဒေးကားဖလားကြီးကို တွေ့ရစဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

## မာဒေးကားချန်ပီယံ ဒို့မြန်မာ

ဩဂုတ် ၃၀ ရက် ညပိုင်းက ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား ရန်ကုန်မြို့ ပြည်လမ်းရှိ ကမ္ဘောဇဘဏ်ရှေ့တွင် ပြည်သူများက သောင်းသောင်းဖြဖြ ဤသို့ ကြိုဆိုခဲ့ကြသည်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

(သတင်းအပြည့်အစုံကို ဆက်လက်ဖော်ပြပါမည်)

## သားအိမ်ခေါင်းရောဂါ ကာကွယ်ဆေး ဈေးကွက်တင်ပြီ

ဆစ်ဒနီ ဩဂုတ် ၃၀

**အမျိုးသမီးများအတွက် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို ယခု သီတင်းပတ်အတွင်းမှစ၍ ဩစတြေးလျနိုင်ငံရှိ ဆေးဆိုင်များတွင် ရောင်းချပေးနေပြီဖြစ်ကြောင်း အင်တာနက် သတင်းအရ သိရသည်။**




ဩစတြေးလျနိုင်ငံနှင့် ဗြိတိန်နိုင်ငံများမှ အာဏာပိုင်များက ထိုရောဂါ ကာကွယ်ဆေးကို သုံး၍ အသက်ငယ်ရွယ်သော ကျောင်းနေအရွယ် မိန်းကလေးဘဝကစ၍ အကာအကွယ်ပေးရန် စဉ်းစားလျက်ရှိကြသည်။

ယင်းဆေး၏အမည်မှာ ဂါဒါဆဲလ် (Gardasil)ဖြစ်ပြီး ဆေး၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၀ ဖြစ်သည်။ ထိုဆေးကို ဩဂုတ် ၂၈ရက်မှစ၍ ဩစတြေးလျနိုင်ငံရှိ ဆေးဆိုင်များတွင် ဆရာဝန်၏ဆေးစာဖြင့် ရောင်းချပေးနေပြီဖြစ်သည်။

**သားအိမ်ခေါင်းရောဂါကာကွယ်ဆေး ဂါဒါဆဲလ် ကြော်ငြာ ပိုစတာ တစ်ခုကို တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

## အင်တာနက် ကျန်းမာရေးသတင်း

သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားရခြင်း၏ ၇၀ ရာခိုင်နှုန်းသည် အိပ်ချ်ပီဗွီ (HPV)ခေါ် ဟျူးမင်းပါပီလိုမာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည်ဟု ဆိုသည်။ ဂါဒါဆဲလ်ကာကွယ်ဆေးကို သုံးစွဲခြင်းအားဖြင့် ထိုရောဂါကို ကာကွယ်နိုင်မည်ဖြစ်သည်။

အမျိုးသမီး ၂၀၀၀၀ တို့ကို ဂါဒါဆဲလ် ဆေးသုံးစေပြီး ဆေးရုံ၊ ဆေးခန်းအဆင့်၌ စမ်းသပ်ကြည့်ရာ ယင်းကာကွယ်ဆေးသည် သားအိမ်ခေါင်းကင်ဆာရောဂါကို ရာခိုင်နှုန်းအပြည့်အဝ ကာကွယ်ပေးနိုင်ပြီး အခြား ကြွက်နို့ကဲ့သို့သော (Warts) ရောဂါဖြစ်ပွားမှု နှစ်မျိုးကိုလည်း ၉၉ ရာခိုင်နှုန်း ကာကွယ်ပေး နိုင်သည်ဟုဆိုသည်။

ဂါဒါဆဲလ်ဆေးဝါးကို အသက် (၁၂)နှစ်မှ (၅၆)နှစ်အတွင်းရှိ အမျိုးသမီးများတွင် အသုံးပြုရန် ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါဆေးကို အသုံးပြုနိုင်သည့်အဆင့်သို့ ရောက်ရှိလာခြင်းသည် အမျိုးသမီးများ ကျန်းမာရေးအတွက် ထူးခြားသော အောင်မြင်မှုပင်ဖြစ်သည်ဟု ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ် သားအိမ်ခေါင်းရောဂါ သုတေသနဌာနမှ ပညာရှင် ဒေါက်တာ ဂယ်ရီဝိန်က ပြောကြားသည်။

ယင်းရောဂါကို စောစီးစွာ ရှာဖွေစမ်းသပ်နိုင်ခြင်းဖြင့် ကုသနိုင်သည့် အခြေအနေရှိနေရာမှ ရောဂါဖြစ်ပွားမှုကိုပါ ကာကွယ်နိုင်သည့် အဆင့်အထိ တက်လှမ်းလာနိုင်ခြင်းပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအခါ သားအိမ်ခေါင်းရောဂါ ကာကွယ်ဆေး ပေါ်ပေါက်နေပြီဖြစ်သော်လည်း အမျိုးသမီးများ ကျန်းမာရေးစစ်ဆေးရာ၌ ထိုရောဂါရှိ၊ မရှိ စစ်ဆေးမှုခံယူသည့် စနစ်ကိုမူ လက်လွှတ်၍ ရဦးမည်မဟုတ်သေးကြောင်း ကင်ဆာရောဂါဆိုင်ရာ ကျွမ်းကျင်သူများက သတိပေးကြသည်။

ဗြိတိန်နိုင်ငံတွင် နှစ်စဉ် သားအိမ်ခေါင်းရောဂါရှိသူပေါင်း ၃၀၀၀ ခန့်ကို စစ်ဆေးတွေ့ရှိရပြီး ယင်းတို့အနက် သုံးပုံတစ်ပုံကျော်မှ အသက်ဆုံးရှုံးရလေ့ရှိသည်ဟု ဆိုသည်။

**အင်တာနက်။**

# ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ဓာတ်အားပေးစက်ရုံများ စစ်ဆေး စက်စွမ်းအားအပြည့်လည်ပတ်နိုင်ရေး ကြိုးပမ်းကြရန် မှာကြား

နေပြည်တော် ဩဂုတ် ၃၀

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီးဦးမျိုးမြင့်လိုက်ပါ၍ မန္တလေးတိုင်း ပျဉ်းမနားမြို့ အရှေ့ဘက် ၁၁ မိုင်အကွာ ကျဉ်တောင်ရွာအနီးရှိ ပေါင်းလောင်းမြေအောက်ဓာတ်အားပေးစက်ရုံသို့ ဩဂုတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး တာဝန်ရှိသူများနှင့်အတူ ရေလှောင်တမံအတွင်းသို့ ရေဝင်ရောက်မှုအခြေအနေ၊ ရေသိုလှောင်ထားရှိမှု၊ ပင်မရေပိုက်လှိုဏ်ခေါင်းမှ ရေထုတ်လွှတ်မှုအခြေအနေ၊ ရေယူအဆောက်အအုံတို့ကိုလည်းကောင်း ဓာတ်အားခွဲရုံ၌ စက်ခလုတ်များတပ်ဆင်ထားရှိမှု၊ ဓာတ်အားလိုင်းအပါအဝင်၊ ဓာတ်အားလိုင်းအထွက်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပေါင်းလောင်းမြေအောက် ဓာတ်အားပေးစက်ရုံပုံစံငယ်ကို ကြည့်ရှုသည်။**

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ပေါင်းလောင်းမြေအောက် ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြေအောက်ဓာတ်အားပေး စက်ရုံအတွင်းသို့ဝင်ရောက်၍ ဓာတ်အားပေးစက်တစ်လုံးစီကို မောင်းနှင်ဓာတ်အားထုတ်လုပ်နေခြင်း၊ ဓာတ်အားထုတ်လုပ်ခန်းရှိ စက်ခလုတ် မောင်းနှင်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်မှုတို့ကို စက်ခလုတ်များ၊ ကွန်ပျူတာများဖြင့် ထိန်းချုပ်မောင်းနှင်နေသည်ကို အသေးစိတ်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းမှာကြား**

ယင်းနောက် ဝန်ကြီးသည် အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စက်များကြံ့ခိုင်ရေး၊ ထိန်းသိမ်းမောင်းနှင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အင်ဂျင်နီယာပညာရပ်များ တိုးမြှင့်လေ့လာရေး ကိစ္စရပ်များ ရှင်းလင်းမှာကြားသည်။

ပေါင်းလောင်းမြေအောက် ဓာတ်အားပေးစက်ရုံတွင် ဖရန်စစ်အမျိုးအစား မဂ္ဂါဝပ် ၇၀အင်အားရှိ ဓာတ်အားပေးစက်လေးလုံး တပ်ဆင်ထားပြီး လျှပ်စစ်ဓာတ်အားစုစုပေါင်း မဂ္ဂါဝပ် ၂၈၀ မောင်းနှင် ဓာတ်အားထုတ်လုပ်နိုင်သဖြင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၉၁၁ သန်း ထုတ်လုပ်ပြီးထွက်ရှိလာသောဓာတ်အားများကို ၂၃၀ ကေဗွီနှစ်ထပ် ဓာတ်အားလိုင်းဖြင့် ဓာတ်အားကွန်ရက်စနစ်မှ တစ်ဆင့် တစ်ပြည်လုံးသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက် ရှိကြောင်း သိရသည်။

**ဆွေးနွေးမေးမြန်း**

ဆက်လက်၍ ဝန်ကြီးသည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ "ကင်းတား" ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသို့ရောက်ရှိပြီး စက်ရုံရှင်းလင်းခန်းမ၌ စက်ရုံမှ တာဝန်ရှိသူများ၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမေးမြန်းသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးအား ကင်းတားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ဒုတိယစက်ရုံမှူး ဦးနီတာက စက်ရုံ၏သမိုင်းကြောင်း၊ ဓာတ်အားပေးစက်ရုံမှ နှစ်အလိုက် လျှပ်စစ်ဓာတ်အား မောင်းနှင်ထုတ်လုပ်နိုင်မှု အခြေအနေ၊ ယခုနှစ်ရေလှောင်တမံတွင် ရေသိုလှောင်ထားရှိမှု အခြေအနေ၊ လက်ရှိဓာတ်အား ထုတ်လုပ်နေမှုတို့ကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က ရေလှောင်တမံအတွင်း နှစ်စဉ်ရေစီးဝင်သည့်ပမာဏ၊ စုဆောင်းသိုလှောင်နိုင်သည့်ရေပမာဏ၊ ရာသီအလိုက် စိုက်ပျိုးရေပေးဝေမှုအခြေအနေတို့ကိုတင်ပြရာ ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါ၍ ပင်မတမံတွင် ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု အခြေအနေ၊ ရေယူအဆောက်အအုံ၊ ရေဂိတ်တံခါးသုံးခုနှင့် ရေပိုလွှဲတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဝန်ကြီးသည် စက်မောင်းနှင်ခန်း၌ တာဘိုင်ဂျင်ရေတာ မောင်းနှင်၍ ဓာတ်အားထုတ်လုပ်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်း၌ စက်ခလုတ်များဖြင့် အောင်ပင်လယ်ဓာတ်အားဓာတ်ခွဲရုံသို့ ဓာတ်အားပို့လွှတ်မှု အခြေအနေနှင့် ဓာတ်အားခွဲရုံမှ ဓာတ်အားလက်ခံဖြန့်ဖြူးမှု စသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် ဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ဂုဏ်ပြုငွေချီးမြှင့်**

ကင်းတားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ၂၈ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံးမှ စုစုပေါင်း ၅၆မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မောင်းနှင်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၆၅သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ယခုအချိန်တွင် ဓာတ်အားပေးစက် နှစ်လုံးမှ စုစုပေါင်း ၄၄မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဆည်တော်ကြီးဓာတ်အားပေးစက်ရုံ**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဩဂုတ် ၂၇ ရက်နေ့ နံနက်ပိုင်းတွင်မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာအလှည့်ကျ တာဝန်ခံအင်ဂျင်နီယာက ဓာတ်အားပေးစက်များမောင်းနှင်၍ ရရှိလာသော လျှပ်စစ်ဓာတ်အားများကို ၁၃၂ကေဗွီ၊ မန္တလေးဖီဒါ၊ ၁၃၂ကေဗွီကျောက်ပုထိုးဖီဒါများမှတစ်ဆင့် ဓာတ်အားခွဲရုံများသို့ ဓာတ်အားပို့လွှတ်မှု၊ ဓာတ်အားခွဲရုံများသို့ လျှပ်စစ်ဓာတ်အားရောက်ရှိမှုတို့ကို စက်ခလုတ်ခုံရှိ မီတာများဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တာဘိုင်ဂျင်နရေတာများ တပ်ဆင်ထားရှိမှု၊ တာဘိုင်ဂျင်နရေတာများ မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ တာဘိုင်များသို့ ရေရောက်ရှိမှု စသည်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဝန်ကြီးသည် စက်ရုံရှိ အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် အင်ဂျင်နီယာများ၊ စက်ရုံဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ ရှေးဦးစွာ စက်ရုံမှူး ဦးကိုကိုနိုင်က စက်ရုံ၏သမိုင်းကြောင်း၊ စက်ရုံ၌ တာဘိုင်ဂျင်နရေတာများ တပ်ဆင်ထားပုံနည်းစနစ်များ၊ နှစ်အလိုက် ဓာတ်အားထုတ်လုပ်ရန် လျာထားချက်နှင့် ဓာတ်အားထုတ်လုပ်မှု၊ ယခုနှစ်တွင် လအလိုက်ဓာတ်အားထုတ်လုပ်နိုင်မှုကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မြင့်က တမံအတွင်းနှစ်အလိုက် ရေသိုလှောင်မှုပမာဏ၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးရေးအတွက် ရေပေးဝေမှုအခြေအနေ၊ ယခုနှစ်တွင် တမံအတွင်း ရေဝင်ရောက်မှု၊ တမံအတွင်းရေသိုလှောင်ထားရှိမှု၊ မိုးစပါးစိုက်ပျိုးရေ ဖြည့်စွက်ထုတ်လွှတ်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားကာ စက်ရုံဝန်ထမ်းများသို့ ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်သည်။

**ရေသိုလှောင်မှု**

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေစုဆောင်းသိုလှောင်ထားမှုအခြေအနေ၊ စိုက်ပျိုးရေပေးဝေမှုနှင့် ရေဂိတ်တံခါးများ၊ ရေဂိတ်တံခါး စက်ခလုတ်ခုံများကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

**ဓာတ်အားဖြန့်ဖြူး**

ဆည်တော်ကြီး ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား ၁၂ ဒသမ၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံးမှ စုစုပေါင်း ၂၅ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၃၄သန်း ထုတ်လုပ်၍ ရရှိလာသော လျှပ်စစ်ဓာတ်အားများကို ဓာတ်အားခွဲရုံများမှ တစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်ဖြင့် ချိတ်ဆက်၍ တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ဆည်တော်ကြီးဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်နှစ်လုံးမှ နေ့စဉ်လျှပ်စစ်ဓာတ်အား ၂၂မဂ္ဂါဝပ် ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိသည်။

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် စက်ရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် စက်ရုံအသီးသီးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ ဝန်ကြီးက မိမိတို့တာဝန်ထမ်းဆောင်ရသော ဓာတ်အားပေး စက်ရုံများမှ စက်စွမ်းအားအပြည့် လည်ပတ်၍ လျှပ်စစ်ဓာတ်အား အပြည့်အဝ ထုတ်ပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဓာတ်အားပေးစက်များ၊ စက်ခလုတ်များ၊ ယာဉ်နှင့် စက်ပစ္စည်း ကိရိယာများကို စနစ်တကျ ကိုင်တွယ် မောင်းနှင်ထိန်းသိမ်းကြရန်၊ ဓာတ်အားပေးစက်နှင့် စက်ပစ္စည်း ကိရိယာများ၏ ကြံ့ခိုင်မှုကို ပုံမှန်ပြုလုပ်ကြရန်၊ မျိုးဆက်သစ်ဝန်ထမ်းများကို ဆင့်ပွားလေ့ကျင့် ပညာပေးကြရန်၊ ဝန်ထမ်းများအားလုံး ခေတ်နှင့်အညီ အတတ်ပညာများ၊ နည်းပညာများကို မျက်ခြည်မပြတ် ကြိုးစားလေ့လာသင်ယူကြရန်၊ စက်ရုံအသီးသီး၏ စက်ရုံအတွင်းအပြင် သန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ပတ်ဝန်းကျင်ရှိ သဘာဝအလှအပများ မပျက်စီးအောင် ဝိုင်းဝန်း ထိန်းသိမ်းရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဝန်ထမ်းများ၏ ကျန်းမာရေး၊ ဝန်ထမ်း သားသမီးများ ပညာရေးကိစ္စရပ်များကို ဆွေးနွေးမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

**ကျေးရွာတော်ရှင်မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော မိုးမိတ် တိပိဋက-နိကာယ ကျောင်းတိုက် ဆွမ်းပဒေသာပင်အတွက် ဧရာဝတီတိုင်း၊ ဖျာပုံမြို့မှ ဦးအောင်ရှိန်-ဒေါ်အုန်းမြိုင်၊ ဦးထွန်းဟံ-ဒေါ်သောင်း၊ ဦးကျင်အေး-ဒေါ်ကျင်လှ၊ ဒေါ်ဘီ၊ ဒေါ်ခင်ချိုထွေး၊ ဦးတင်ရွှေ-ဒေါ်စန်းမြင့်၊ ဦးလွန်းသောင်း-ဒေါ်တင်ရွှေ၊ သမီး မအေးဆန်း ဖျာပုံအဖွဲ့ မိသားစုတို့က ငွေကျပ် ၁၀ သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။**
(ကြေးမုံ)

**မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ လသာမြို့နယ် မဟာဗန္ဓုလလမ်းနေ ဦးမျိုးအောင်-ဒေါ်ခင်မျိုးမျိုး၊ သမီး မမေမျက်သွယ်မျိုး၊ သားမောင်အာကာမျိုး မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀ ကို ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒရှေ့မှောက်၌ အမှုဆောင်ဒေါ်ကေသက်မော်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၃၁-၈-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၁၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ မြန်မာသံစဉ်ချိုနှားဝင်
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၅:၂၅** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၃၀** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လှို့ဝှက်ချက်" (အပိုင်း-၉)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (အပိုင်း-၅)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

# ဝန်းသိုစော်ဘွားကြီး ဦးရွှေသား၏ ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်ကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်း

နေပြည်တော် ဩဂုတ် ၃၀

**ဝန်းသိုစော်ဘွားကြီး မဟာရာဇဝံသသိုပဟုံဘွားဘွဲ့ခံ ဦးရွှေသား၏ ဆင်စွယ်ရတနာအာဏာရတံဆိပ်တော်ကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုတို့ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က နိုင်ငံတော်အတွက် အဖိုးတန်ရှေးဟောင်းသမိုင်းဝင် ရှားပါးပစ္စည်းဖြစ်သည့် ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော် လှူဒါန်းမှုအတွက် အလှူရှင်မိသားစုအား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၏ မြေးဖြစ်သူ အလှူရှင် ဦးစောဝင်းက ဝန်းသိုစော်ဘွားကြီး ဦးရွှေသား၏ ဆင်စွယ်ရတနာအာဏာရတံဆိပ်တော်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင် ဦးစောဝင်းက ဝန်းသိုစော်ဘွားကြီး မဟာရာဇဝံသသိုပဟုံဘွားဘွဲ့ခံ ဦးရွှေသား၏ ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဆင်စွယ်ရတနာအာဏာရတံဆိပ်တော်မှာ ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးက ဝန်းသိုစော်ဘွားကြီး မဟာရာဇဝံသသိုပဟုံဘွားဘွဲ့ခံ ဦးရွှေသားအား ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး သားဖြစ်သူ သူရဲကောင်းမျိုးချစ်စော်ဘွားကြီး မဟာဝံသသီရိဇယသိုပဟုံဘွားဘွဲ့ခံ ဦးအောင်မြတ်လက်ထက်တိုင် ဝန်းသိုနယ်နှင့် အထက်မြန်မာပြည်နယ်များ အုပ်ချုပ်ရာတွင် အသုံးပြုခဲ့သော ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်ဖြစ်ကာ ဝန်းသိုစော်ဘွားကြီး ဦးရွှေသားနှင့် ဦးအောင်မြတ်တို့ သားအဖမှာ စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်၏ ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်ကြီးများဖြစ်သဖြင့် ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်ကို အမျိုးသားပြတိုက်တွင် ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ဝန်းသိုစော်ဘွားကြီး မဟာရာဇဝံသသိုပဟုံဘွားဘွဲ့ခံ ဦးရွှေသား၏ ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်ကို တွေ့ရစဉ်။** (သတင်းစဉ်)

**ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်ထံ အလှူရှင် ဦးစောဝင်းက ဝန်းသိုစော်ဘွားကြီး မဟာရာဇဝံသသိုပဟုံဘွားဘွဲ့ခံ ဦးရွှေသား၏ ဆင်စွယ်ရတနာ အာဏာရတံဆိပ်တော်ကို ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

# ၂၀၀၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများကြေညာ

ရန်ကုန် ဩဂုတ် ၃၀

**၂၀၀၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။**

အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **'ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကိုမြှင့်တင်စို့'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါက်တာသန်းဝင်း (မောင်သန်းဝင်း–ရန်ကုန်တက္ကသိုလ်)၊ ဒုတိယဆု မင်္ဂလာဒုံမြို့နယ် အမှတ်(၁)တပ်မတော်ဆေးရုံကြီးမှ သူနာပြုအရာရှိ ဗိုလ်ဒေါ်တင်ဇာမော် (မြချုံအိမ်)နှင့် တတိယဆု ဇလွန်မြို့နယ်မှ အထက်တန်းပြဆရာ(ငြိမ်း) ဦးကျော်ထွန်း(အဖျောက်မြေမောင်ဆွေမွန်)တို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **'သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသူ မနှင်းဥရည်၊ ဒုတိယဆု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသူ မစုစန္ဒီဝင်းနှင့် တတိယဆု ထားဝယ်ပညာရေးကောလိပ်မှ ဒုတိယနှစ်ကျောင်းသူ မနေနွယ်လှိုင်တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **'သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု အလက(၁)ပုသိမ်မှ အဋ္ဌမတန်းကျောင်းသား မောင်ကျော်ခိုင်ထက်၊ ဒုတိယဆု အထက(၂)မြိတ်မှ နဝမတန်းကျောင်းသား မောင်သန့်အောင်ဖြိုးနှင့် တတိယဆု အထက(၂)မုဒုံမှ နဝမတန်းကျောင်းသူ မသီတာထွေးတို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို **'ကျောင်းသွားကြစို့ တူပျော်ပျော်'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု အထက(၄)တာမွေမှ သတ္တမတန်းကျောင်းသူ မစုလှိုင်ထွန်း၊ ဒုတိယဆု အထက(၁)အောင်မြေသာစံ မန္တလေးမြို့မှ အဋ္ဌမတန်းကျောင်းသား မောင်အောင်သူရနှင့် တတိယဆု အထက(၂)ပုသိမ်မှ သတ္တမတန်းကျောင်းသူ မသွန်းရွှေရည်ဝင်းဆုတို့က ရရှိကြသည်။

ဆုရရှိသူများအားလုံးသည် စက်တင်ဘာ ၄ ရက်ညနေ နောက်ဆုံးထား၍ နေပြည်တော်ရှိ အထက(၆) နေပြည်တော်(ဘူးကွဲ–တောင်) ကျောင်းအုပ်ကြီး ဦးဝင်းသိန်း ဖုန်း–၀၆၇–၄၂၀၃၃၇ထံသို့ လူကိုယ်တိုင် မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ စမ်းချောင်း လင်းလွန်းရပ်ကွက် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်မည့် သာသနာ့ဗိမာန်တော်ကြီးအတွက် ဖခင်ကြီး ဦးမင်းဝေအားရည်စူး၍ ကမာရွတ်မြို့နယ် မြကံသာအိမ်ရာ မြနန္ဒာလမ်းနေ မိခင်ကြီး ဒေါ်သန်းရီနှင့် ဦးခင်မောင်ဇော်–ဒေါ်အေးအေးမင်း၊ သား လပြည့်မိသားစုက မတည် အလှူငွေကျပ်သိန်း ၁၀၀၀၀၀၀၀ ကို လင်းလွန်းပင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဥတ္တမာစာရ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။**
(က–ပ)

# တိုင်းရင်းဆေးပညာဆိုင်ရာ စာမူများ ဆေးဝါးနှင့်ဆေးခန်းကြော်ငြာများ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ခွင့်ပြုချက်လိုအပ်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ထုတ်ဝေဖြန့်ချိလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ၊ လစဉ်ထုတ် မဂ္ဂဇင်းများနှင့် ဆေးပညာဆိုင်ရာ လုံးချင်းစာအုပ်များတွင် တိုင်းရင်းဆေးပညာဆိုင်ရာစာမူများ၊ တိုင်းရင်းဆေးဝါးနှင့် တိုင်းရင်းဆေးခန်းကြော်ငြာများကို ထည့်သွင်းဖော်ပြလိုပါက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး)ဖုန်း–၀၆၇/၄၁၁၃၆၃၊ ဒေါ်ဝတ်ရည်ဆွေ(ဒုတိယညွှန်ကြားရေးမှူး)ဖုန်း–၀၆၇/၄၁၁၀၂၇နှင့် Fax:၄၁၁၃၆၀တို့သို့ ကြော်ငြာမူရင်းစာသားများနှင့် စာမူများကို ပေးပို့တင်ပြ၍ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ခွင့်ပြုချက်ရယူရန်လိုအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြင်စလူ ပြန်/ဆက်ရုံးသို့ စာအုပ်များလှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၀**

မြောင်းမြခရိုင် လပွတ္တာမြို့နယ် ပြင်စလူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ စာအုပ်လှူဒါန်းပွဲကို ဩဂုတ် ၂၃ရက်တွင် အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမောင်က ကျေးဇူးတင်စကား ပြောကြားကာ အလှူရှင်ဦးသိုင်းဝင်း–ဒေါ်ငွေးငွေးညွှန့် (ဘီတီဘီကုမ္ပဏီ)ကိုယ်စား ဦးလှသန်းက သုတ/ရသစာအုပ် ၄၁၁အုပ်တန်ဖိုး ငွေကျပ် ၆၃၅၃၀နှင့် မိုးကျော်ရင်(စန္ဒာဦးမော်တော်)မှ သုတရသစာအုပ် ၂၁၃အုပ်တန်ဖိုးငွေကျပ် ၂၁၇၆၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

**(အောက်ပုံ)** (မြို့နယ် ပြန်/ဆက်)

ရှောင်လေ
ဝေးဝေး
မူးယစ်ဆေး

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၁–၈–၂၀၀၆ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ယနေ့သိပ္ပံနှင့် နည်းပညာ |
| ၇:၁၅ | တေးဂီတအစီအစဉ် |
| ၇:၂၀ | ပျိုမေတို့လှစေဖို့(အပိုင်း–၁) |
| ၇:၃၅ | တေးဂီတအစီအစဉ် |
| ၇:၄၀ | အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (မောင်မောင်ဦး–စန်းပိုက်)နှင့် တွေ့ဆုံခြင်း(ပထမပိုင်း) |
| ၈:၁၅ | တေးဂီတအစီအစဉ် |
| ၈:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၃၀ | အိုးထိန်းသည်(ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊မြင့်မြင့်ခိုင်၊ စောနိုင်–ရှမ်းပြည်၊အိဖြူစိုး) |
| ၈:၅၅ | တေးဂီတအစီအစဉ် |
| ၉:၀၀ | The Game Guide-1 (War Craft III) |
| ၉:၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၄၀ | ဂီတရေစီးကြောင်းထဲကဂီတာ |
| ၁၀:၀၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၀၅ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ပေါ်ဦးသစ်နှင့် တွေ့ဆုံခြင်း) |
| ၁၀:၂၀ | တေးဂီတအစီအစဉ် |
| ၁၀:၂၅ | အလှမှာဝင့်ထည် မြန်မာ့ပါတိတ်ချည်ထည် |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၅၅ | သူတို့ပြောတဲ့သူတို့အကြောင်း (ကာတွန်းသစ်ထွဏ်း) |
| ၁၁:၁၅ | တေးဂီတအစီအစဉ် |
| ၁၁:၂၀ | Yangon Panorama (Phyathai Hospital Thailand) မိတ်ဆက်ပွဲ |
| ၁၁:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | နှလုံးသွေးကြောကျဉ်းရောဂါ ဟောပြောချက် (ဒေါက်တာခင်မောင်အေး) (အပိုင်း–၁) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တို့ ပူးပေါင်း စီစဉ်ကျင်းပသော အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ နည်းပြဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

## အမှာစကား ပြောကြား

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးနှင့် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်တို့ ပူးပေါင်း စီစဉ်ကျင်းပသော အသိပညာပေး ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးဝင်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပညာရေးမိသားစုက လှူဒါန်းသည့် ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

### ကြိုဆိုနှုတ်ခွန်းဆက်စကား

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဦးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည် ဝင်းက အဖွင့်အမှာစကား ပြောကြား သည်။

### အသိပညာပေးဟောပြော

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးအဖွဲ့ဝင် အမျိုးသားစာပေဆုရ စာရေးဆရာမ မစန္ဒာက **"သင်ယူခြင်း၏ အဓိပ္ပာယ်"** ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ပညာရေးမိသားစုက ကျေးလက် စာကြည့်တိုက်များအတွက် စာအုပ် ၃၇၆ အုပ်ကို ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဦးဝင်းက ပေးအပ်လှူဒါန်းရာ မြန်မာ နိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့က လက်ခံ သည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဌာနမှူး ဒေါ်စိုးမြင့်က ဟောပြောပေး သော အမျိုးသားစာပေဆုရ စာရေး ဆရာမ မစန္ဒာအား အမှတ်တရဂုဏ်ပြု လက်ဆောင်ပေးအပ်ပြီး ရန်ကုန်တောင် ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်က အမျိုးသမီးများ ဆိုင်ရာ ဥပဒေရေးရာ စာအုပ်များကို ပေးအပ်လှူဒါန်းရာ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးတင်မောင်ညွန့်က လက်ခံ၍ ကျေးဇူး တင်စကားပြောကြားပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# မြန်မာဇာတ်ကားများ ဆက်လက်ပြသ

**ရန်ကုန် ဩဂုတ် ၁၀**

ယခုသောကြာပတ် စက်တင်ဘာ ၁ ရက်တွင် မြန်မာဇာတ်ကားသစ်များ ရုံမဝင်ဘဲ ပြသဆဲ ဇာတ်ကားများဖြစ်သည့် **"မျှော်လင့်ခြင်းများစွာ"** နှင့် **"လှည့်စား"** ဇာတ်ကားများသာ ဆက်လက်ပြသမည်ဖြစ်သည်။

ငြိမ်းမင်း၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးသည့် **"မျှော်လင့်ခြင်းများစွာ"** ဇာတ်ကားမှာ ကျန်းမာရေးပညာပေး ဇာတ်ကားသက်သက်သာ မဟုတ်ဘဲ မိဘနှစ်ပါး၏ အိမ်ထောင်ရေး အဆိုးအကောင်းက သားသမီးများအပေါ် ရိုက်ခတ်၍ ၎င်းတို့၏ ဘဝတိုးတက်လမ်းကို ကောင်း၊ ဆိုးနှစ်ဖြာ ဖြစ်စေခြင်းကိုပါ ဒါရိုက်တာက ထိထိမိမိ ရိုက်ကူးပြနိုင်ခြင်းကြောင့် ပရိသတ်အားပေးမှု များပြားဆဲ ဇာတ်ကား တစ်ကားဖြစ်သည်။ ရန်အောင်၊ ရဲအောင်၊ ထွန်းထွန်းဝင်း၊ ဇင်ဝိုင်း၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ ဟက်ကက်၊ ဖိုးကျော်၊ မင်းခ၊ စိုးမြတ်နန္ဒာ၊ ပန်းဖြူ၊ မေသဥ္ဇာဦး၊ စိုးမိုးကြည်တို့နှင့်အတူ ဧည့်သည်သရုပ်ဆောင်အဖြစ် ဒွေးနှင့် နဝရတ်တို့ ပါဝင်ထားကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာရုံ သုံးရုံတွင် ဆက်လက် ပြသမည်ဖြစ်သည်။

ရွှေဆောင်ရုံတွင် ဒါရိုက်တာ သိန်းဟန် (ဖီးနစ်)ရိုက်ကူးပြီး ကျော်ရဲအောင်၊ ဒွေး၊ ခိုင်သင်းကြည်နှင့် ပြည့်ဖူးခိုင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည့် **"လှည့်စား"** ဇာတ်ကား ဆက်လက်ပြသ မည်ဖြစ်သည်။

### နိုင်ငံခြားရုပ်ရှင်

စက်တင်ဘာ ၁ရက် သောကြာနေ့မှစ၍ နေပြည်တော်ရုပ်ရှင်ရုံတွင် The Cave ဇာတ်ကား တစ်ကျော့ပြန်ပြသ မည်ဖြစ်သည်။ ၎င်းဇာတ်ကားကို

**လှည့်စားဇာတ်ကားမှ ဒွေးနှင့် ခိုင်သင်းကြည်တို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။**

ဒါရိုက်တာ Bruce Hunt က ရိုက်ကူးခြင်းဖြစ်ပြီး ဇာတ်လမ်းမှာ ရှေးဟောင်းပစ္စည်းရှာဖွေရင်းလိုဏ်ဂူပြိုကျ၍ပျောက်ဆုံးသွားသော လူများကို ရှာဖွေသည့် ဇီဝဗေဒပညာရှင်များ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ ထူးဆန်းသောသတ္တဝါများနှင့် ရင်ဆိုင်ကြုံတွေ့ရပုံကို သည်းထိတ်ရင်ဖိုဖွယ် ရိုက်ကူးထားသည့်ဇာတ်ကား ဖြစ်သည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် နာမည်ကြီး လူမည်းမင်းသား ဝီစလီစနိုက်ပါဝင်သည့် Passenger 57 ဇာတ်ကြမ်းကား စက်တင်ဘာ ၁ ရက်မှ စတင်ပြသမည်ဖြစ်သည်။

ရွှေဂုန်ရုံ မြေညီထပ်တွင် အိန္ဒိယ သရုပ်ဆောင် ဆူနီးရှက်တီးနှင့် မင်းသမီးချော တာဘူးတို့ ပါဝင်သည့် ထူးဆန်းသော လက်မရွံ့လူသတ်သမား ဇာတ်ကြမ်းကား Khanjar နှင့် မြို့မ ရုပ်ရှင်ရုံတွင် Bluff Master ဇာတ်ကား ပြသမည်ဖြစ်သည်။ ယင်းဇာတ်ကားမှာ အချစ်အကြမ်း ရသစုံ ဇာတ်ကားဖြစ်ပြီး အမိတာဘချမ်း၏သား Abhisher Bachan ပါဝင် သရုပ်ဆောင်ထားသည်။

(ကြေးမုံ)

## အင်တာနက်အားကစားသတင်းများ

# ကမ္ဘာ့အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ အာဂျင်တီးနားက တူရကီကိုအနိုင်ရ

**ဆိုင်းတာမာ(ဂျပန်) ဩဂုတ် ၁၀**

ကမ္ဘာ့အမျိုးသား ဘတ်စကက်ဘောချန်ပီယံပွဲစဉ်များကို ဂျပန်နိုင်ငံတွင် ဆက်လက်ကျင်းပရာ ကွာတားဖိုင်နယ်ပွဲတွင် အာဂျင်တီးနားအသင်းက ပြိုင်ဘက်တူရကီအသင်းကို ခက်ခက်ခဲခဲ မကစားရဘဲ အလွယ်တကူပင် ကစား၍ ၈၃ မှတ် ၅၈ မှတ်ဖြင့် ဩဂုတ် ၂၉ ရက်က အနိုင်ယူသွားသည်။

အေသင်မြို့၌ပြုလုပ်သော ၂၀၀၄ ခုနှစ် အိုလံပစ်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သော အာဂျင်တီးနား ဘတ်စကက်ဘောအသင်းသည် ယခုပွဲတွင် အနိုင်ရရှိသည့်အတွက် စက်တင်ဘာ ၁ ရက်တွင် ဆီမီးဖိုင်နယ်ပွဲအဖြစ် စပိန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စပိန်အသင်းသည် ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် လစ်သူရေးနီးယားအသင်းကို ၈၉ မှတ် ၆၇ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားအသင်းမှ အင်ဒရေနိုကိုနီသည် အသင်းအတွက် ၂၁ မှတ်ရအောင် အကောင်းဆုံးကစားပေးခဲ့သူဖြစ်သည်။

### မျှော်လင့်ထား

ယနေ့ပွဲတွင် မိမိတို့အသင်းသည် အမှတ်မပေးရရေးအတွက် အလေးထားကာပိတ်ဆို့၍ ကစားခဲ့သည်။ ထိုသို့ ကစားခြင်းကပင် မိမိအသင်းကို အသာရစေခဲ့သည်။ မိမိအသင်းအနေဖြင့် ယခုထက်ခက်ခဲသော ယှဉ်ပြိုင်ဘက်များဖြင့် ရင်ဆိုင်ရမည်ဟု မျှော်လင့်ထားကြောင်း အာဂျင်တီးနားအသင်းမှ နည်းပြဆရာ ဆာဂီရိုဟာနန်ဒေဇ်က ပြောကြားသည်။



**အာဂျင်တီးနားအသင်းမှ ဂီအိုဘီလီ** (ယာ) **၏ ကစားဟန်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

ဆီမီးဖိုင်နယ်အကြို ဗိုလ်လုပွဲတွင်ကစားကြမည့် အာဂျင်တီးနားအသင်းနှင့် စပိန်အသင်းတို့သည် လက်သွေးသည့်အနေဖြင့် စင်ကာပူတွင် နှစ်ကြိမ်ယှဉ်ပြိုင်ခဲ့ကြပြီးဖြစ်သည်။ ထိုစဉ်က နှစ်ကြိမ်စလုံး စပိန်နိုင်ငံအသင်းကချည်း အနိုင်ရခဲ့သည်။ တစ်ပွဲတွင် အာဂျင်တီးနားက စပိန်အသင်းကို ၆၆ မှတ် ၈၇ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

အာဂျင်တီးနားအသင်းနှင့် စပိန်အသင်းနှစ်သင်းစလုံးသည် အကောင်းဆုံးအသင်းများဖြစ်ကြသည်။ မိမိတို့အနေဖြင့် လာမည့်ပွဲများတွင်လည်း အကောင်းဆုံး ယှဉ်ပြိုင်သွားကြမည်သာဖြစ်သည်ဟု ဟာနန်ဒေဇ်က ပြောကြားသွားသည်။

ယနေ့ည ကစားပွဲတွင် မိမိတို့အသင်း ရှုံးခဲ့ရသော်လည်း ဂုဏ်ယူပါကြောင်း၊ အသင်းကြီးများနှင့် ကစားသောအခါ မိမိတို့ မည်သို့အကောင်းဆုံး ကစားသွားရမည်ကို လေ့လာနိုင်ခဲ့ပါသည်ဟု တူရကီအသင်းနည်းပြဆရာ ဘောဂ်ဒင်တန်ဂျီဗစ်က ပြောကြားသည်။ ***အင်တာနက်။***

IRON CROSS
MUSIC ENTERTAINMENT. TEL: 01-549695
PROUDLY PRESENTS
1-9-2006
TAPE,CD စတင်ဖြန့်ချိပါမည်။
TAPE တစ်ခွေ CDတစ်ချပ်စီတိုင်းတွင်
အမှတ်တရလက်ဆောင်
STICKER တစ်ခုစီပါဝင်ပါမည်။
VCD (MTV+KARAOKE) DVD
အောက်တိုဘာလကုန်ထွက်မည်။
LAY PHYU
ဒါကလေးများ
IRON CROSS.PTL[CSM]
MG MG ZAW LATT. LINN LINN

El Dorado
162, 36th (mid),Kyauktada, Yangon.
Ph: 381217, 381334
Active& Fresh Course

## ဓာတ်ပေါင်းစုစေတီတော် ထီးတော်ပူဇော်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၃၀

ရွှေသင်းနယ်လှည့်ဓမ္မကထိက ပဓာနနာယက ဘေးမဲ့ရိပ်သာ အထက်ခြကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုန္ဒရဓမ္မ သီတင်းသုံးတော်မူသော မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း အောက်ကျင်းရပ် ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ထီးတော်အတွက် ဘုရားဒါယိကာမကြီး ဒေါ်မြကြည် (ကော့ဒူး) သားသမီးမြေးတစ်စု ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်က ငွေကျပ် ၁၂၅၀၀၀၀ကို ဩဂုတ် ၂၇ရက်၌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)** (က-ပ)

မုန်ကန်မှု၊ စေတနာ၊ စာဖတ်ပရိသတ်တို့၏ မေတ္တာဖြင့်ရပ်တည်နေသော
Premier ELEVEN SPORTS JOURNAL
ယနေ့ထွက်ပြီ

## အောင်မြေလူထုဓမ္မာရုံ ဝါတွင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းတောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ဒေဝဒဟလမ်း အောင်မြေလူထုဓမ္မာရုံကြီး၌ ဝါတွင်းကာလ ဥပုသ်နေ့တိုင်းတရားပွဲများ ကျင်းပလျက်ရှိရာ တော်သလင်းလဆန်း ၈ ရက်တွင် အရှင်ပညာစက္ကာဘိဝံသ (တိုက်အုပ်ဆရာတော်) စေတီယင်္ဂဏနှင့်အစိုးရဓမ္မာစရိယ၊တော်သလင်းလပြည့်နေ့တွင် ဦးကုန္ဒောဘာသ (မဟာဂန္ဓဝါစကပဏ္ဍိတ)အဆောင်မှူး ပရိယတ္တိသာသနတက္ကသိုလ် ကမ္ဘာအေး ရန်ကုန်ကလည်းကောင်း၊ တော်သလင်းလပြည့်ကျော် ၈ ရက်တွင် ဦးဇဝနတေဇ စက္ကီကျောင်း (၄)ဝိုင်း တောင်ဥက္ကလာပက လည်းကောင်း၊ တော်သလင်း လကွယ်နေ့တွင် ဦးတေဇောဘာသ ပထမရွှေကျင်က လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ရာ တရားလာရောက်နာကြားနိုင်ပါရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

**အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားသော ဝိပဿနာစေတီတော်အတွက် သုဓမ္မသီဂီ ဒေါ်သိန်းကျင် (ဦးဘချိုလမ်း၊ မြောင်းမြ)က ကျပ်သုံးသိန်း၊ ဦးစစ်ကြိုင်-ဒေါ်ကျင်ရီ၊ သား ဦးသက်ထွန်း (အောင်ဆန်းလမ်း၊ မြောင်းမြ)က ကျပ်တစ်သိန်း၊ ဒေါ်ကျင်ညွန့်၊ မောင်ဦးမင်းနွယ် (အောင်ဆန်းလမ်း၊ မြောင်းမြ)က ကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်ငါးသိန်းလှူဒါန်းရာ သီရိသုဓမ္မ မဏိဇောတဓရဇန္တုလဦးမောင်ရွှေ လက်ခံယူစဉ်။** (က-ပ)

## မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာရည်ချွန်ဆုနှင့် ဝတ်စုံချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

မြောက်ဥက္ကလာပမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ ပညာရည်ချွန်ဆုနှင့် ဝတ်စုံချီးမြှင့်ပွဲကို ဩဂုတ် ၃၀ ရက်က အဖွဲ့ရုံး၊ ရန်ငြိမ်းအောင်ခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးချစ်ဆွေ (ငြိမ်း) က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးချစ်ဆွေ(ငြိမ်း)ကတက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အဖွဲ့ဝင်များ၏ သားသမီးများဖြစ်ကြသောငါးဘာသာဂုဏ်ထူးရှင် မသန္တာထွန်း (ဓံပုံ) နှင့် နှစ်ဘာသာဂုဏ်ထူးရှင် မခိုင်သော်တာစိုးတို့အား ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ (မြန်/ဆက်)



မန်းချို
အောင်မြင်စာပေ
မင်းလူ
မြစ်တစ်စင်း၏စေညွှန်ရာ

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ကွယ်လွန်သူ ဦးဝင်းနောင်အား ရည်စူး၍ ရန်ကုန်တိုင်း ဒလမြို့နယ် ဗညားဒလရပ်ကွက် ဗိုလ်ချုပ် ၁ လမ်းနေ ဇနီး ဒေါ်ချိုချို၊ သား၊ သမီးများက အလှူငွေကျပ် ၂၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်အာစိဏ္ဏ(သာသနဓဇဓမ္မာစရိယ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

မီးသုံးစွဲလျှင် အသိယှဉ်
ဆင်ခြင်သတိ အမြဲရှိ

## ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ သာကေတမြို့နယ် ၂/မြောက် သဒ္ဒါရုံ(၃)လမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးခင်အောင်-ဒေါ်ခင်ငြိမ်းတို့အားရည်စူး၍ သမီး ခင်အေးမြင့်၊ စန်းစန်းလွင်နှင့် သား၊ သမီးများက ငွေကျပ် ၁၀၆၀၀၀ ကို စာရင်းစစ် ဦးစန်းမင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

## မလေးရှားနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၁

၂၀၀၆ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၉)နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင် ဟာဂျီအာမက် ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

# ပန်းမော်ခရိုင်တွင် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့ နယ်စပ်ဒေသများကိုပါ ခရီးသည်နှင့်ကုန်စည်များ ပို့ဆောင်နိုင် ဒေသဆန်ဖူလုံသော်လည်း စပါးအထွက်နှုန်း ပိုမိုကောင်းရန်ကြိုးပမ်း

**နေပြည်တော် ဩဂုတ် ၂၀**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ များမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် ဗန်းမော်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမသို့ ရောက်ရှိပြီး တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ရေး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဗန်းမော်ဒီဂရီကောလိပ် ကျောင်းဝင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ်ကို ရေတိုကောင်းပြည်နယ်ဖြစ်ရန် စိုက်နိုင်သမျှ တိုးချဲ့စိုက် ရော်ဘာစိုက်ဧကတစ်သိန်း ရည်မှန်းချက်ပြည့်မီအောင် မဖြစ်မနေဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၀**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၅ရက် မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်မှ ငဖဲမြို့နယ် ပဒါန်းကျေးရွာ ပုသိမ်-မုံရွာကားလမ်းဆုံသို့ ရောက်ရှိရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# မာဒေးကားချန်ပီယံ မြန်မာဘောလုံးအသင်းအား ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

(၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲချန်ပီယံ မြန်မာ့လက်ရွေးစင်အသင်း မလေးရှားနိုင်ငံမှ ရန်ကုန်မြို့သို့ ဩဂုတ် ၂၀ ရက် ည ၉နာရီ ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ လေဆိပ်လမ်းဆုံ၌ ပြည်သူများက နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်းကာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)